ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့ (12-10-2008) (၅၈၂၉)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## စပိန်နိုင်ငံ ဘုရင် ပထမမြောက်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်　　　အောက်တိုဘာ　　　၁၂**

၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ စပိန်နိုင်ငံဘုရင်ပထမမြောက် ဟွမ်၊ ကားလို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ စစ်တကောင်းဒေသသို့ ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်

**နေပြည်တော်　　　အောက်တိုဘာ　　　၁၁**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဖေသန်းဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်တကောင်းဒေသသို့ ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်ရန် အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီတွင် ဒါကာမြို့ရှိ ခေတ္တတည်းခိုသည့်ဟိုတယ်မှ Tejgaon ရဟတ်ယာဉ်ကွင်းသို့ ရောက်ရှိကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Moeen U. Ahmed က စစ်တကောင်းမြို့ Shah Amanat အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**

(သတင်းစဉ်)





### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### ကြည့်ရှုအားပေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ Kaptai Lake တွင် ရေယာဉ်ပေါ်၌ တိုင်းရင်းသား ရိုးရာအကများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။**

(သတင်းစဉ်)

ကြေးမုံ
The Mirror
၁၂-၁၀-၂၀၀၈
(တနင်္ဂနွေနေ့)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရင်သွေးငယ်များ ကျန်းမာမှုအစဉ်ဂရုပြု မိခင်နို့ရည် စနစ်တကျတိုက်ကျွေးပြုစု

မိခင်နို့တိုက်ကျွေးခြင်းသည် နို့စို့အရွယ် ကလေးသူငယ်များ၏ အသက်ရှင်သန် ဖွံ့ဖြိုးရေးအတွက် အရိုးရှင်းဆုံး နည်းလမ်းဖြစ်သည်။ မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ ရှေးရိုးအယူအဆသည် ခေတ်ပေါ်သိပ္ပံနည်းများဖြင့် ဆန်းစစ်ကြည့်သောအခါ မှန်ကန်နေကြောင်း တွေ့ရှိလာကြသဖြင့် ယခုအခါ တစ်ကမ္ဘာလုံးရှိ မိခင်များ နို့ချိုတိုက်ကျွေးရေး အလေးထား ဆောင်ရွက်နေကြပြီဖြစ်သည်။

မိခင်နို့ရည်၌ မွေးကင်းစကလေးငယ်များအတွက် လိုအပ်သော ပရိုတင်းဓာတ်၊ ကစီဓာတ်၊ ဗီတာမင်၊ ဓာတ်ဆားနှင့် ရေစသည့်ပစ္စည်းများ ပါဝင်နေရာ မိခင်နို့ရည်တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များ အသက်ရှင်သန် ကျန်းမာပြီး သန်မာဖွံ့ဖြိုးစေမည်ဖြစ်သည်။

မိခင်များအနေဖြင့် ကလေးငယ်များ မွေးဖွားပြီး တစ်နာရီအတွင်း မိခင်နို့ဦးရည်ကို ဂရုပြုတိုက်ကျွေးကြရမည် ဖြစ်သည်။ ရင်သွေးငယ်များအား မွေးစမှ အသက်ခြောက်လအထိ မိခင်နို့ရည်တစ်မျိုးတည်းကိုသာ တိုက်ကျွေးခြင်း၊ ခြောက်လပြည့်ပြီးနောက်ပိုင်း မိခင်နို့ရည်နှင့် ဖြည့်စွက်အစားအစာများ ကျွေးမွေးခြင်းတို့ဖြင့် ကလေးငယ်တိုင်း ကျန်းမာဖွံ့ဖြိုးနိုင်ကြမည်ဖြစ်သည်။

အချို့သောမိခင်များသည် ရင်သွေးငယ်များအား မိခင်နို့အစားအလွယ်တကူရရှိနိုင်သည့် နို့မှုန့်များကိုဖျော်၍ တိုက်ကျွေးလေ့ရှိကြသည်။ မသန့်ရှင်းသောနို့မှုန့်ကို တိုက်ကျွေးမိပါက ဝမ်းလျှောဝမ်းပျက်ခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားခြင်း၊ ကျန်မာရေးထိခိုက်ခြင်းများ ဖြစ်ပေါ်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ယခုတလောတွင် တရုတ်နိုင်ငံအပါအဝင် နိုင်ငံအချို့၌ မယ်လမင်းပါဝင်သည့်နို့မှုန့်များ သောက်သုံးမှုကြောင့် ကလေးငယ်များ ကျောက်ကပ်တွင် ကျောက်တည်ရောဂါဝေဒနာ ခံစားကြရပြီး အချို့သေဆုံးခဲ့ကြရကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှတင်သွင်းပြီး ပြန်လည်ပြုပြင် ထုပ်ပိုးဖြန့်ဖြူးနေသည့် နို့မှုန့်၁၆မျိုးကို သက်ဆိုင်ရာဝန်ကြီး ဌာနတို့က စမ်းသပ်စစ်ဆေးခဲ့ရာ နို့မှုန့်အမျိုးအစားကိုးမျိုးမှာ မယ်လမင်းပါဝင်နေကြောင်း တွေ့ရှိရသဖြင့် ဖြန့်ဖြူးရောင်းချခြင်းမပြုရန် တားမြစ်အမိန့် ထုတ်ပြန်ထားပြီးဖြစ်သည်။

သို့ဖြစ်ရာ မိခင်တိုင်းက မိမိတို့၏ ရင်သွေးငယ်များ ကျန်းမာဖွံ့ဖြိုးမှုကို အစဉ်ဂရုပြုပြီး မိခင်နို့ရည်များကိုသာ စနစ်တကျ တိုက်ကျွေးကြရန်နှင့် ပြည်သူများအနေဖြင့်လည်း သက်ဆိုင်ရာက နှိုးဆော်ထုတ်ပြန်ထားချက်နှင့်အညီ နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရေး လိုက်နာကြရမည် ဖြစ်ပါသည်။ ။

# ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ အခြေခံအင်္ဂလိပ် စကားပြော သင်တန်းအမှတ်စဉ် (၃/၂၀၀၈) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားသည်။**



ထို့နောက်သင်တန်းသား၊သင်တန်းသူများက မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်မှုအတွက်ကြိုးပမ်းဆောင်ရွက်နေမှုများကို အင်္ဂလိပ်ဘာသာဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ပြီး ဝန်ကြီးက ထူးချွန်သင်တန်းသား၊ သင်တန်းသူသုံးဦးအား ဆုများပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

### ဆုချီးမြှင့်

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် အခြေခံအင်္ဂလိပ်စကားပြော သင်တန်းအမှတ်စဉ်(၃/၂၀၀၈)သင်တန်းဆင်းပွဲတွင် ထူးချွန်သင်တန်းသား တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# ဆရာမြ၏ မြန်မာ-အင်္ဂလိပ် အက်ဆေးဆောင်းပါးစာအုပ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁၁**

ဆရာမြ၏"လူကုန်ကူးမှု၊လေယာဉ်ပြန်ပေး၊ စိတ်ကြွရူးသွပ်ဆေးနှင့် ယူရိုဘောလုံးသမိုင်း" စာအုပ်အမည်ဖြင့် Myanmar English World Knowledge Book Three ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေ ဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် ယနေ့ကမ္ဘာ တစ်ဝန်းဖြစ်ပွားနေသော လူကုန်ကူးမှုပြဿနာ၊ လေယာဉ်ပြန်ပေးဆွဲမှုဖြစ်ရပ်များ၊ မက်သမ်ဖက်သာမင်းခေါ် စိတ်ကြွရူးသွပ်ဆေးပြား၏ အန္တရာယ်၊ မကြာသေးမီက ပြီးစီးသွားသော ဥရောပချန်ပီယံရှစ်(ယူရို) ဘောလုံးပြိုင်ပွဲသမိုင်း အပါအဝင် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် အက်ဆေးဆောင်းပါး စုစုပေါင်း ၁၁ ပုဒ်ရေးသားထားသည်။

ကျောင်းသားလူငယ်များနှင့်အငယ်တန်း ဝန်ထမ်းများ၏ စိတ်ထဲတွင် အင်္ဂလိပ်စာကိုလေ့လာဆည်းပူးလိုစိတ်ဖြစ်ပေါ်လာစေရန်အတွက် ရည်စူးထုတ်ဝေခြင်းဖြစ်သည်။

စာရေးသူသည်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့် အသီးသီး၌ တာဝန်ထမ်းဆောင်ခဲ့ပြီး သံမှူး/ဒုတိယညွှန်ကြားရေးမှူး ရာထူးဖြင့် အစိုးရ လုပ်သက်(၄၁)နှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။

English For You စာစဉ်အတွဲအရ World Knowledge Book One ကို "ကမ္ဘာ့ဖလားသမိုင်း၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့်ကျောင်းသားလူငယ် ကမ္ဘာ့အထွေထွေဗဟုသုတ" စာအုပ်အမည်ဖြင့် ၂၀၀၇ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ Book Two ကို "မြတ်ဗုဒ္ဓ၊ FA ပရီးမီးယားလိဂ် ဘောလုံးသမိုင်းနှင့် HIV/ AIDS မဖြစ်အောင်နေပါ" စာအုပ်အမည်ဖြင့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း ရေးသားထုတ်ဝေခဲ့သည်။ စာရေးသူသည် ၂၀၀၅ ခုနှစ်တွင် "အပြည်ပြည်ဆိုင်ရာ သံတမန်ဆက်ဆံရေး" စာအုပ်ကို မြတ်ထွန်းဦးအမည်ဖြင့် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခု စာအုပ်အပါအဝင် မြန်မာ-အင်္ဂလိပ် World Knowledge Book (၁)၊ (၂)၊ (၃) စာအုပ်များကို မြတ်ထွန်းဦးစာပေမှ ထုတ်ဝေပြီး ပန်းမျိုးတစ်ရာစာပေ အမှတ်(၉) အခန်း (၂၀၃၊၂၀၄)ပုဇွန်တောင် ဥယျာဉ်အိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၂၀၂၃၇၂ က ဖြန့်ချိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# တောင်ကြီးကောလိပ်ကျောင်းသား၊ ကျောင်းသူများ ဒသမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

တောင်ကြီးကောလိပ်တွင်ပညာသင်ကြားခဲ့သော ကျောင်းသား၊ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် (စနေနေ့)နံနက် ၉ နာရီတွင် ရန်ကုန် YMCA ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်သည်။

အလှူငွေ ပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင် ဖုန်း- ၃၇၄၈၅၀၊ ၀၉၅၀-၄၆၈၉၉၊ ဒေါက်တာသာညာ ဖုန်း-၂၉၄၁၂၈၊ ၂၉၄၁၀၉၊ ၂၉၆၄၃၅၊ ဦးခင်မောင် ဖုန်း-၀၉၅၀-၅၄၀၁၄၊ စိုင်းစိုးမြင့်ဆွေ-ဒေါ်စုစုသန်းဖေ ဖုန်း-၅၇၉၃၉၃၊ ဦးအောင်မွန်(နေပြည်တော် လယ်ဝေး) ဖုန်း-၀၆၇-၃၀၂၇၇၊ လီယို ဖုန်း-၀၉၅၀-၁၁၃၉၂၊ စိုင်းဇော်မင်း (ကျိုင်းတုံ) ဖုန်း-၀၈၄-၂၁၅၇၁၊ ၀၉၅၂-၅၀၁၂၁၊ဒေါ်စွမ် ဖုန်း-၂၂၃၂၅၊ ၂၂၃၇၁၈၊ ဒေါ်ထွေးခင် ဖုန်း-၂၂၃၉၀၃၊ ၅၂၆၂၃၆၊ ဒေါ်မေကြင် ဖုန်း-၂၉၅၆၃၈၊ ၂၁၀၉၈၇၊ ဦးအောင်မြင့် (ပျော်ဘွယ်)ဖုန်း-၀၆၄-၄၉၅၂၄၊ ဦးမောင်မောင်လေး ဖုန်း-၀၉၅၀-၁၇၁၉၆၊ ဦးခင်မောင်ဆွေ ဖုန်း-၂၉၆၇၉၃၊ ၀၉၅၁-၁၂၄၅၀၊ Melvin ကျော်သက် ဖုန်း-၀၉၉၉-၂၅၂၉၉၊ စိုင်းသိန်းထွေး (ကျောက်မဲ) ဖုန်း-၀၆၇-၂၂၀၇၄၊ ဒေါ်နန်းညွန့်တင်(နေပြည်တော်)ဖုန်း-၀၆၇-၄၁၃၁၃၄၊ ဦးဝင်းလွင်-ဒေါ်မိမိချမ်း(တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၂၀၊ ဒေါ်ဆွေဆွေဦး ဖုန်း-၃၈၆၆၆၇၊ ဒေါ်စဝ်သီတာထွေး ဖုန်း-၆၆၂၇၃၂၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၁၅၉၄၊ ဒေါ်ခင်ဝင့်အေးအေး ဖုန်း-၅၃၈၇၄၁၊ ၀၉၅၁-၅၃၇၈၇၊ ဒေါ်စိန်စိန်မြင့်(ကျောက်မဲ) ဖုန်း-၀၈၂-၄၀၂၁၀၊ ဒေါ်နယ်လီထွန်း(မန္တလေး) ဖုန်း-၀၂-၃၃၉၈၉၊ ဒေါ်တင်တင်နွဲ့(လှိုင်ကော်) ဖုန်း-၂၅၂၉၉၂၊ဒေါ်ခင်စိမ်းဝင်း(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၅၈၁၊ ဦးတင့်ရှိန် ဖုန်း-၆၈၀၄၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၁၀-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အကပြိုင်ပွဲ
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ တေးဂီတအစီအစဉ်
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသား)
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ **"ချစ်သောမြေ ချစ်သောရေ" (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့မေတ္တာ ကုဋေကုဋာ" (အပိုင်း-၁၂)**
၁၁း၅၀ ၃။ Golf Magazine TV.
၁၂း၁၅ ၄။ **မြန်မာရုပ်ရှင် "တစ်ကျော့နှစ်ကျော့ တေးကိုသီ" (ဝင်းဦး၊ တင်တင်မြ၊ ချိုပြုံး) (ဒါရိုက်တာ-ဝင်းဦး)**
၂း၃၀ ၅။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) ဝါသနာရှင် (ဒုတိယတန်း အဆင့်) (အမျိုးသမီး)
၂း၄၅ ၆။ International News.
၃း၀၀ ၇။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၃၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၀ ၅။ အတီးပြိုင်ပွဲ
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ- ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၅း၀၀ ၇။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသမီး)
၅း၁၀ ၈။ "အနုပညာကြေးမုံပြင် တစ်ချပ်ကို ခံစားကြည့်ခြင်း" (အပိုင်း-၃)
၅း၂၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၄၀ ၁၂။ ကာတွန်းအစီအစဉ်
၆း၅၅ ၁၃။ တစ်မျက်နှာတစ်ကွက်စာ
၇း၁၀ ၁၄။ ဝါကျွတ်တေးများ
၇း၂၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံယောဇဉ်နှောင်ကြိုး" (အပိုင်း-၄)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၃၀)**
၂၀။ အစီအစဉ်ပြီး၏။

✱ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Moeen U. Ahmed နှင့် ဇနီးလိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၁၀ နာရီခွဲတွင် စစ်တကောင်းတောင်တန်းဒေသ ရန်ဂါမာတီမြို့ အမှတ်(၃၀၅) ခြေလျင်တပ်မဟာဌာနချုပ်သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား အမှတ်(၂၄) ခြေလျင်တပ်မ တပ်မမှူး ဗိုလ်ချုပ် Shamin Chowdhury နှင့် ဇနီး၊ အမှတ်(၃၀၅) ခြေလျင်တပ်မဟာ တပ်မဟာမှူး ဗိုလ်မှူးချုပ် Abu So He နှင့် ဇနီးတို့က ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် Kaptai Lake သို့ ရောက်ရှိကြပြီး ရေယာဉ်ဖြင့် ကန်တစ်လျှောက် သာယာလှပသော သဘာဝပတ်ဝန်းကျင်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ရေယာဉ်ပေါ်၌ အမှတ်(၃၀၅) ခြေလျင်တပ်မဟာ တပ်မဟာမှူးနှင့် ဇနီးတို့က ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် ဧည့်ခံစဉ်အတွင်း တိုင်းရင်းသားရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့သည် အမှတ်(၂၄) ခြေလျင်တပ်မ တပ်မမှူးနှင့် ဇနီး၊ အမှတ်(၃၀၅) ခြေလျင်တပ်မဟာ တပ်မဟာမှူးနှင့် ဇနီးတို့နှင့် ချစ်ကြည်ရေးလက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့သည် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ပန်းခြင်းပေးအပ်ကြပြီး အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မွန်းလွဲ ၂ နာရီခွဲတွင် စစ်တကောင်းမြို့ Shah Amanat အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၃နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Moeen U.Ahmed နှင့် တာဝန်ရှိသူများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဖေသန်းဦး၊ စစ်သံမှူး ဗိုလ်မှူးကြီးသိန်းလွင်တို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

# မန္တလေးတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မိတ္ထီလာမြို့ရှိ မိတ္ထီလာပညာရေးကောလိပ် ပညာရတနာခန်းမ၌ ကျောင်းအုပ်ကြီး ဒေါ်ခင်မြသက်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ မိတ္ထီလာတက္ကသိုလ်၌ ပါမောက္ခချုပ် ဒေါက်တာမောင်သင်းနှင့် ပါမောက္ခများ၊ ကထိကများ၊ ဆရာဆရာမများအားလည်းကောင်း၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၌ ပါမောက္ခချုပ် ဒေါက်တာအောင်ဇော်ထွန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)၌ ပါမောက္ခချုပ် ဒေါက်တာဒေါ်သန်းနွဲ့အောင်နှင့် ဆရာ ဆရာမများ အားလည်းကောင်း တွေ့ဆုံသည်။**

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ ညောင်ရမ်းကန်နှင့် မင်းလှကန်တို့၏ ရေသိုလှောင်ထားရှိမှု၊ ရေပေးဝေနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာ စီးပွားရေးတက္ကသိုလ်၌ ပါမောက္ခချုပ် ဒေါက်တာစန်းလွင်နှင့် ပါမောက္ခများ၊ ကထိကများ၊ နည်းပြများအား တွေ့ဆုံသည်။





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## ကြိုဆိုနှုတ်ဆက်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာ၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်း အမှတ် (၂) လမ်းပိုင်း အခြေအနေများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာနှင့် ပြင်ဦးလွင်ခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ ရွှေစာရံတို့ကို ဆက်သွယ်မည့် အရှည်ပေ ၅၅၀ ရှိ ဒုဋ္ဌဝတီမြစ်ကူးတံတား တည်ဆောက်ရန် လျာထားနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်ပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး စီမံကိန်းဦးစီးဌာန အမှတ် (၂) တည်ဆောက်ရေးက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်း၏ ပင်မရေလှောင်တမံ တည်ဆောက်ပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှု၊ ပင်မတမံ၏ ချဉ်းကပ်ဥမင်လိုဏ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရဲရွာရေအားလျှပ်စစ် စီမံကိန်း၏ ပင်မတမံ(R.C.C) တည်ဆောက်ခြင်းလုပ်ငန်းမှာ ၉၆ ရာခိုင်နှုန်း ပြီးစီးနေပြီး စီမံကိန်းတစ်ခုလုံး အနေဖြင့် ၆၅ ဒသမ ၅၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ စီမံကိန်းပြီးစီးပါက စက်တပ်ဆင် အင်အား မဂ္ဂါဝပ် ၇၉၀ မှ လျှပ်စစ်ဓာတ်အား နှစ်စဉ် ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း ၃၅၅၀ ခန့် ထုတ်လုပ် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ရွှေစာရံ လျှပ်စစ်ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးသည်။

## ဖြန့်ဖြူးပေးလျက်ရှိ

အဆိုပါ ရွှေစာရံလျှပ်စစ်ဓာတ်အားခွဲရုံမှ မန္တလေးမြို့ရှိ တံခွန်တိုင် လျှပ်စစ်ဓာတ်အားခွဲရုံသို့ ၁၃၂ ကေဗွီဓာတ်အားလိုင်း၊ မန္တလေးမြို့ မြောက်ပြင်ရှိ လျှပ်စစ်ဓာတ်အားခွဲရုံသို့ ၃၃ ကေဗွီဓာတ်အားလိုင်း၊ မန္တလေးမြို့ ၅၉ လမ်းနှင့် ၆၅ လမ်းထောင့်ရှိ လျှပ်စစ်ဓာတ်အားခွဲရုံသို့ (၃၃)ကေဗွီ ဓာတ်အားလိုင်းနှင့် ပြင်ဦးလွင်မြို့ရှိ ဓာတ်အားခွဲရုံသို့ (၁၃၂) ကေဗွီ ဓာတ်အားလိုင်းတို့ကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

**မန္တလေးမြို့ မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိသော ရဲရွာရေအားလျှပ်စစ် စီမံကိန်းကိုတွေ့ရစဉ်။** (သတင်းစဉ်)



## မသန့်ရှင်းသော စားသောက်ကုန်များ ကနေဒါစက်ရုံတွင် တွေ့ရှိ

**အော့တဝါ အောက်တိုဘာ ၁၀**

ကနေဒါနိုင်ငံတွင် လစ်တီးရီးယားခေါ် အဆိပ်ဖြစ်စေသော ဘက်တီးရီးယားများပါသည့် အသားများကို စားမိ၍ လူ ၂၀ သေဆုံးပြီးနောက် တိုရန်တို အသားပြုပြင်ထုပ်ပိုးစက်ရုံတွင်မသန့်ရှင်းသောအသားနောက်ထပ်လေးမျိုးကို တွေ့ရှိပြန်ကြောင်း ကနေဒါစားသောက်ကုန် စစ်ဆေးရေးကိုယ်စားလှယ်လုပ်ငန်း (စီအက်ဖ်အိုင်အေ)က ကြာသပတေးနေ့က ကြေညာသည်။

ကနေဒါနိုင်ငံ တစ်ဝန်းလုံးတွင် လစ်တီးရီးယားပါသော စားသောက်ကုန်များကို စားကြပြီး မကျန်းမမာဖြစ်ကြသည့်အတွက် ရက်သတ္တပတ်ပေါင်း အတော်ကြာအောင် စက်ရုံကိုပိတ်ပင်ခံထားရသည်။ ထို့နောက် စက်တင်ဘာ ၁၇ရက်တွင် မေပဲလ်လိဖ်ကုမ္ပဏီကို ပြန်လည်ဖွင့်ခွင့်ရခဲ့သည်။ စက်တင်ဘာ ၂၉၊ ၃၀ ရက်များအတွင်း စမ်းသပ်ခဲ့သော ကုန်ပစ္စည်းအမယ် ၂၇၀၀ အတွင်းမှ ထိုမသန့်ရှင်းသော စားသောက်ကုန်လေးမျိုးကို တွေ့ရှိခြင်းဖြစ်သည်ဟု ဆိုသည်။

မေပဲလ်လိဖ် စားသောက်ကုန်ကုမ္ပဏီဥက္ကဌ မိုက်ကယ်မက်ကိန်းက ယခုကဲ့သို့ စားသောက်ကုန်များတွင် လစ်တီးရီးယား ဘက်တီးရီးယားများကို တွေ့ရှိခြင်းကို မအံ့သြကြောင်း၊ မည်သည့်စက်ရုံမှ ထွက်ရှိသည့် စားသောက်ကုန်ဖြစ်စေ လစ်တီးရီးယား ပါနေမည်ဖြစ်ကြောင်း၊မည်သည့်အခါမှ ဖယ်ရှား၍ရမည်မဟုတ်ကြောင်း ကြာသပတေးနေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## ဘာရာဇီးတွင် မူးယစ်မှောင်ခိုသူ ၁၈ ဦးအား ဖမ်းဆီး

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၁၀**

ဘရာဇီးရဲတပ်ဖွဲ့သည်နိုင်ငံ၏အနောက်ဘက်အလယ်ပိုင်းနှင့် အရှေ့မြောက်ဒေသတို့တွင် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုနှင့် လူသတ်မှုများကျူးလွန်ရာ၌ ပါဝင်နေသူ ၁၈ ဦးကို ကြာသပတေးနေ့က ဖမ်းဆီးလိုက်သည်။

ရဲတပ်ဖွဲ့ဝင် ၆၅ ဦး ပါဝင်သော အင်အားဖြင့် မြို့များစွာကို စစ်ဆင်ရေးဝင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

မူးယစ်ဆေးဝါးဂိုဏ်းများသည် ဘိုလီးဗီးယားမှ ကိုကင်းများကို သယ်ယူပို့ဆောင်ရေးကုမ္ပဏီတစ်ခုအသွင်ဖန်တီးလျက် ခိုးဝှက်သယ်ယူပြီး ဘရာဇီးနိုင်ငံအတွင်း ဖြန့်ချိလျက်ရှိကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ တစ်ဦးက ပြောကြားသည်။

**အမ်အင်အေ၊အင်ဟွာ။**



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသောနေရာကိုအောက်တိုဘာ ၉ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

## မက္ကဆီကိုထောင်မှ အကျဉ်းသား ၁၇ ဦး ထွက်ပြေးလွတ်မြောက်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၀**

အမေရိကန်ပြည်ထောင်စုနှင့် နယ်စပ်ချင်းကပ်လျက်ရှိသော မက္ကဆီကို ရေနိုဆာမြို့ အကျဉ်းထောင်တစ်ခုမှ အကျဉ်းသား ၁၇ ဦးသည် ထောင်အစောင့်လေးဦး၏ အကူအညီဖြင့် ထွက်ပြေး လွတ်မြောက်သွားသည်။

ဒေသစံတော်ချိန် နံနက် ၁နာရီနှင့် ၃နာရီအကြား (ဂရင်းနစ်စံတော်ချိန် ဝ၆ဝဝ-ဝ၈ဝဝ)တွင် ထောင်ဖောက်ခဲ့ခြင်းဖြစ်သည်။ ထို့သို့ ထောင်ဖောက်ပြီး နှစ်နာရီအကြာ တစ်နေ့တာ၏ ပထမဆုံးအကြိမ် စစ်ဆေးသည့်အခါတွင်မှ ထောင်ဖောက်သွားကြောင်းကို သိရှိခဲ့ကြခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

မက္ကဆီကိုစီးတီး၏မြောက်ပိုင်း၇၀၄ ကီလိုမီတာအကွာ တာမောလီပါးစ်ပြည်နယ် ရေနိုဆာအကျဉ်းထောင်တွင် သုံးလအတွင်း ထောင်ဖောက်မှုသည် ယခုအကြိမ်အပါအဝင် နှစ်ကြိမ် ရှိသွားပြီဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ။**




## ဖွံ့ဖြိုးဆဲနိုင်ငံများမှ စိတ်ဝေဒနာရှင် ၇၅ ရာခိုင်နှုန်း ပြင်ပကုသမှုဖြင့်ရနိုင်

**ဂျီနီဗာ အောက်တိုဘာ ၁၀**

ဖွံ့ဖြိုးဆဲနိုင်ငံများမှ စိတ်ဝေဒနာရှင်များ၏ ၇၅ရာခိုင်နှုန်းကျော်သည် ဆေးကုသမှုနှင့် ပြုစုစောင့်ရှောက်မှု ပြင်ပကုသမှုဖြင့်ရယူနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ကြာသပတေးနေ့က ပြောကြားသည်။

အဆိုပါပြုစုကုသမှုလိုအပ်ချက်အား ဖြည့်ဆည်းသွားနိုင်ရေးအတွက်အစိုးရများ၊ အလှူရှင်များနှင့် စိတ်ကျန်းမာရေးစောင့်ရှောက်သူ စေတနာရှင်များက ရန်ပုံငွေထောက်ပံ့ခြင်းနှင့် စိတ်ကျန်းမာရေး အခြေခံဝန်ဆောင်မှုများကို မဆုတ်မနစ် တိုးမြှင့်ပေးသင့်ကြောင်း သောကြာနေ့တွင် ကျရောက်သည့် ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ မတိုင်မီရက်၌ ကုလသမဂ္ဂအေဂျင်စီက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ကမ္ဘာတစ်ဝန်းလုံးမှ အစိုးရများသည် စိတ်ကျန်းမာရေးဆိုင်ရာ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု၏ အရေးကြီးပုံကို သိရှိနားလည်ရန် လိုအပ်ကြောင်း၊မူဝါဒနှင့် ဆောင်ရွက်ပုံကို ပြောင်းလဲရန် လိုအပ်ကြောင်း ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်မာဂရက်ချန်က ပြောကြားသည်။ သို့မှသာ ပြုစုစောင့်ရှောက်မှု လိုအပ်နေသော သန်းပေါင်းများစွာသော စိတ်ဝေဒနာရှင်များကို လိုအပ်သော စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ထပ်မံပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

## ပါကစ္စတန်နယ်စပ်တွင် ဗုံးကွဲ၍ ၁၀ဦးသေ၊ ၅၀ ဒဏ်ရာရ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၀**

ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နိုင်ငံ နယ်စပ်အနီး လူမျိုးစုများ နေထိုင်ရာဒေသတွင် သောင်းကျန်းသူ ဆန့်ကျင်ရေး ပြည်သူ့စစ်များကို အသေခံဗုံးခွဲသူက တိုက်ခိုက်ရာ အနည်းဆုံး ၁၀ဦး သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိကြောင်းအရာရှိတစ်ဦးက ပြောကြားသည်။

အိုရာဇာအီလူမျိုးစုဒေသရှိသောင်းကျန်းသူစခန်းကို ဖောက်ခွဲဖျက်ဆီးရန် သောကြာနေ့က စုရုံးနေကြစဉ် ဗုံးဖောက်ခွဲခံရခြင်းဖြစ်သည်ဟုအရာရှိ ရှိယာအက္ကဘာခန်းကပြောကြားသည်။ အိုရာဇာအီအရပ်သည် အနောက်မြောက်နယ်စပ်ဒေသမြို့တော်ပါရှဝါနှင့် မလှမ်းမကမ်းတွင် တည်ရှိသည်။ ထို့အပြင် ဘာဂျူအာလူမျိုးစုဒေသမှ အစိုးရလိုလားသူ ဒေသဆိုင်ရာ ခေါင်းဆောင်လေးဦးကိုလည်း သောကြာနေ့၌ပင်စစ်သွေးကြွများကသတ်ဖြတ်သွားကြောင်းအရာရှိဂျမီးလ်အာမက်က ပြောကြားသည်။ **အင်တာနက်။**



ဂျပန်နိုင်ငံ ယိုကိုဟားမားတွင် သတင်းစာဆရာများအား ပြသသော အခမ်းအနား၌ စက်ရုပ်တစ်ရုပ်က ဘောလုံးကန်နေသည်ကို အောက်တိုဘာ ၁၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## သဘာဝ ဘေးအန္တရာယ်သတင်းများ

### အယ်ဂျီးရီးယားတွင်ရေလွှမ်း၊ ငါးဦးသေဆုံး

**အယ်ဂျီးယားစ် အောက်တိုဘာ ၁၀**

အယ်ဂျီးရီးယားနိုင်ငံ မြို့တော်အယ်ဂျီးယားစ်၏ အနောက်ဘက် ကီလိုမီတာ ၁၂၀ အကွာတွင်ရှိသောအင်းတော်ကီဒေသတွင် ကြာသပတေးနေ့က ရုတ်တရက်ရေကြီးသဖြင့် ငါးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း အေပီအက်စ်သတင်းဌာနက ဖော်ပြသည်။ **(အောက်ပုံ)**

ယင်းအင်းတော်ကီဒေသ ဂျီမိုင်းတောင်ကြားတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေလျှံသဖြင့် အိမ်များပြိုကျရာအိပ်ပျော်နေသောအသက် ၃၀ နှင့် ၆၀အရွယ်နှစ်ဦးသေဆုံးခဲ့ကြောင်း ၎င်းသတင်းဌာနက ထုတ်ပြန်သည်။

အနည်းဆုံးဒေသရှစ်ခုခန့်တွင်မိုးများဆက်လက်ရွာသွန်းပြီးလေပြင်းထန်မည်ဖြစ်ကြောင်း အယ်ဂျီးရီးယား မိုးလေဝသဌာနက ခန့်မှန်းထားသည်။

လွန်ခဲ့သောရက်သတ္တပတ်က အယ်ဂျီးရီးယားနိုင်ငံတောင်ပိုင်းတွင် ရေလွှမ်းသဖြင့် ၃၄ ဦးသေဆုံးပြီး ၈၉ ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများထံမှသိရှိရသည်။ **အင်တာနက်။**



### ဖိလစ်ပိုင်တွင် ရုတ်တရက်ရေကြီး ခြောက်ဦးပျောက်ဆုံးနေ

**ဒါဗာအိုစီးတီး(ဖိလစ်ပိုင်) အောက်တိုဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံလာနာအိုဒဲလ်ဆာမြို့တွင်ရုတ်တရက်ရေလွှမ်းမိုးသဖြင့် ရွာသားခြောက်ဦး ပျောက်ဆုံးလျက်ရှိပြီး မိသားစု ၄၀၀ ခန့် ရေဘေးဒဏ်သင့်နေသည်ဟု သတင်းများရရှိပြီးနောက် ဖိလစ်ပိုင်လက်နက်ကိုင် တပ်ဖွဲ့များ(အေအက်ဖ်ပီ)၏ ပူးတွဲလုံခြုံရေးတပ်ဖွဲ့များကို စုစည်းဆော်သြလျက်ရှိကြောင်း ဒေသဆိုင်ရာကြည်းတပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အေအက်ဖ်ပီနှင့် ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ (ပီအန်ပီ)တပ်ဖွဲ့များအား လာနာအိုဒဲလ်ဆာနှင့် ဝါအိုအရှေ့ပိုင်းတွင် ပျောက်သောသူများကို ရှာဖွေရေးနှင့် ဒုက္ခသည်များကို ကယ်ဆယ်ရေးတွင် အကူအညီပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း အရှေ့ပိုင်းမင်ဒါနာအိုစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးအာမင်းအက်ဖ်ရီကိုက ပြောကြားသည်။

ခြေလျင်တပ်များမှ တပ်မှူးများကိုလည်း ဒေသဆိုင်ရာအစိုးရ အဖွဲ့အစည်းများ၊ သဘာဝဘေးကောင်စီများနှင့် ရှာဖွေရေး၊ ကယ်ဆယ်ရေးကိစ္စများတွင် နီးကပ်စွာညှိနှိုင်းဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်သည်ဟု ဆိုသည်။

ဝါအိုမြို့ အရှေ့ဘက်ပိုင်းတွင် ရုတ်တရက်ရေကြီးလာ၍အိမ် ၂၁လုံး ပျက်စီးသွားသော သတင်းသည် ခြေလျင်ဌာနချုပ်သို့ ရောက်ရှိလာသည်။ ၎င်းသတင်းတွင် ကြာသပတေးနေ့ နံနက်ပိုင်းကတည်းက မိုးသည်းထန်စွာရွာသဖြင့် ဝါအိုမြို့နယ်အတွင်းမှ ကျေးရွာအားလုံးနီးပါး ရေလွှမ်းခံနေရသည်ဟုလည်း ဖော်ပြသည်။ **အင်တာနက်။**

### မုန်တိုင်းများတိုက်၍ ဟေတီတွင်သေဆုံးသူ ၈၀၀ နီးပါးရှိလာ

**ဟေတီ အောက်တိုဘာ ၁၀**

ဟေတီနိုင်ငံတွင် ယခုနှစ်နွေရာသီကာလအတွင်း မုန်တိုင်းလေးကြိမ်တိုက်ခတ်ခြင်းခံရသဖြင့် သေဆုံးသူဦးရေသည် ၈၀၀နီးပါးရှိလာပြီဖြစ်ကြောင်း အာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။

မြို့ပြကာကွယ်ရေးညွှန်ကြားရေးမှူးက အေပီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ယခုအချိန်အထိ သေဆုံးသူ ၇၉၃ ဦးကို ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း၊ အာဏာပိုင်များက ကမ်းခြေတစ်လျှောက်ရှိ့ညွှန်များ ဖုံးအုပ်နေသော ရုပ်အလောင်းများကိုဆက်လက်ရှာဖွေလျက်ရှိကြောင်း ပြောကြားသည်။ဂိုနာအိမြို့တစ်မြို့တည်းမှပင်အလောင်း ၄၆၆လောင်းကိုရှာဖွေတွေ့ရှိခဲ့ပြီး ကူးစက်ရောဂါများ မပြန့်ပွားစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေးအတွက် ထိုအလောင်းများကို ချက်ချင်းမြေမြှုပ်ပစ်ခဲ့သည်ဟု ၎င်းညွှန်ကြားရေးမှူးက ပြောကြားသည်။

ဩဂုတ်လနောက်ပိုင်းနှင့် စက်တင်ဘာလ အစောပိုင်းအတွင်း အပူပိုင်းမုန်တိုင်းသည် လေးကြိမ်ဝင်မွှေ၍ ဟေတီနိုင်ငံ၏စိုက်ပျိုးရေး ၆၀ရာခိုင်နှုန်းနှင့် လမ်းများ၊ တံတားများနှင့် အိုးအိမ်များကို ပျက်စီးဆုံးရှုံးခဲ့ရသည်။ **အင်တာနက်။**

## အာဖဂန်တွင် တိုက်ခိုက်မှုဖြစ်ပွား၊ အရပ်သား ၁၀ ဦး သေဆုံး

**ကဘူး အောက်တိုဘာ ၁၀**

အောက်တိုဘာ ၉ရက်က အာဖဂန်နစ္စတန် လုံခြုံရေးတပ်ဖွဲ့များနှင့်စစ်သွေးကြွများ တိုက်ခိုက်မှုဖြစ်ပွားရာအနည်းဆုံး စစ်သွေးကြွ ၃၆ ဦး သေဆုံးသွားကြောင်း သတင်းက ဖော်ပြသည်။

ထိုပစ်ခတ်မှုကြောင့် အရပ်သူ၊ အရပ်သား ၁၀ ဦးလည်း သေဆုံးခဲ့ရကြောင်း သိရသည်။ အာဖဂန်နိုင်ငံ၏ လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာနေကြောင်းကို ဗုဒ္ဓဟူးနေ့က ဖြစ်ပေါ်ခဲ့သော သွေးထွက်သံယိုမှုများက ပြသလျက်ရှိသည်။

နိုင်ငံ၏အလယ်ပိုင်းဒေသ ဥရုဇဂန်ပြည်နယ်တွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များနှင့် နိုင်ငံစုံ တပ်ဖွဲ့များ ကင်းလှည့်နေစဉ်စစ်သွေး ကြွများက လက်နက်ငယ်များ၊ စိန်ပြောင်းများ၊ လောင်ချာများနှင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြကြောင်း အမေရိကန် စစ်ဘက်သတင်းက ဖော်ပြသည်။

လုံခြုံရေးတပ်ဖွဲ့များကို ချိန်ရွယ်ပစ်ခတ်သော ဒုံးကျည်လမ်းကြောင်းလွဲသွားသောကြောင့် အရပ်သူ၊ အရပ်သားများကိုထိမှန်ရာ အနည်းဆုံး အရပ်သားခြောက်ဦး သေဆုံးခဲ့ရသည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး အဆာဒူလာဟမ်ဒမ်က ပြောကြားသည်။ သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်သည်ဟု ၎င်းက ဆိုသည်။ **အင်တာနက်။**

ကြေးမုံ The Mirror
နိုင်ငံတကာသတင်းများ



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
*(ဓာတ်ပုံ-အင်တာနက်)*



အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကင်ဒါဟာမြို့အနီး၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာကို တွေ့ရစဉ်။
*(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးသူဦးရေ ၄၁၈၀ အထိ မြင့်တက်လာ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၀**

အီရတ်နိုင်ငံကို ၂၀၀၃ခုနှစ် မတ်လက အမေရိကန်တို့ စတင်ကျူးကျော်ဝင်ရောက်ပြီးနောက်ပိုင်းမှ ၂၀၀၈ ခုနှစ် အောက်တိုဘာ ၉ရက်အထိ ထိုနိုင်ငံ၌သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် စုစုပေါင်း ၄၁၈၀ ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်သတင်းက ဖော်ပြသည်။

ထိုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းနေစဉ် သေဆုံးသွားသော အရပ်ဘက်ဝန်ထမ်း ရှစ်ဦးလည်း ပါဝင်သည်။ အီရတ်တွင်သေဆုံးရသော ကန်တပ်ဖွဲ့ဝင်များအနက် ၃၃၈၅ဦးမှာ ရန်လိုသော ခုခံတိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်သည်။

ဖော်ပြပါကာလအတွင်း အပေါင်းပါတပ်ဖွဲ့များမှ သေဆုံးမှုလည်း အများအပြားရှိသည်။ဗြိတိန် ၁၇၆ ဦး၊ အီတလီ ၃၃ ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၂၁ ဦး၊ ဘူလ်ဂေးရီးယား ၁၃ ဦး၊ စပိန် ၁၁ ဦး၊ ဒိန်းမတ်ခုနစ်ဦး၊ အယ်လ်ဆာဗေဒို ငါးဦး၊ စလိုဗက်ကီးယား လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာ သုံးဦးစီ၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယား နှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတို့မှလည်း တစ်ဦးစီ အသီးသီး သေဆုံးခဲ့ရပြီးဖြစ်သည်။ **အင်တာနက်။**

## ဘဂ္ဂဒက်တွင် ကားဗုံးကွဲ၊ ရှစ်ဦးသေ၊ ၂၂ ဦး ဒဏ်ရာရ

**ဘဂ္ဂဒက် အောက်တိုဘာ ၁၀**

အီရတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီးယိုက်များနေထိုင်ရာ ရပ်ကွက်ရှိ ဈေးတစ်ဈေးအတွင်း ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့သတင်းက ဖော်ပြသည်။

အောက်တိုဘာ ၁၀ ရက်တွင် ဖြစ်ပွားသည့် အဆိုပါ ပေါက်ကွဲမှုအတွင်း နောက်ထပ် ၂၂ ဦးလည်း ဒဏ်ရာရရှိသွားသည်ဟုဆိုသည်။ အဘူဒါရှီယာ အရပ်ဈေးအတွင်း ကားရပ်နားရာနေရာမှ ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာသည် ဆွန်နီများနေထိုင်ရာ ဒိုရာရပ်ကွက်နှင့် မလှမ်းမကမ်းတွင် တည်ရှိသည်။ ဒိုရာအရပ်သည် ယခင်က အင်အားကောင်းသော တိုက်ခိုက်ရေးအဖွဲ့များ နေထိုင်ရာနေရာဖြစ်သည်။ **အင်တာနက်။**

အီရတ်နိုင်ငံ ဒီယာကပြည်နယ်တွင် အသေခံဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသော အရပ်သားတစ်ဦးအား တွေ့ရစဉ်။
*(ဓာတ်ပုံ-အင်တာနက်)*



## အီဂျစ်တွင် တိုက်ပြိုကျ၊ ၁၁ဦး သေဆုံး

**အလက်ဇန္ဒြီးယား အောက်တိုဘာ ၁၀**

အီဂျစ်နိုင်ငံမြောက်ပိုင်း ပင်လယ်ကမ်းခြေဒေသရှိ အလက်ဇန္ဒြီးယားမြို့တွင် ညအချိန် တိုက်ပြိုကျမှုကြောင့် ၁၁ ဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု အီဂျစ်ဒေသဆိုင်ရာ သတင်းများက အောက်တိုဘာ ၈ ရက်တွင် ဖော်ပြသည်။

နောက်ထပ် နှစ်ဦးထက်မနည်း ပျောက်ဆုံးနေပြီး ၎င်းတို့အသက်ဆုံးရှုံးမည်ကို စိုးရိမ်ရသည့် အခြေအနေရှိသည်ဟု အာဏာပိုင်များက ပြောကြားသည်။

မိခင်တစ်ဦးက သူမ၏ကလေးငယ်အား တင်းကျပ်စွာ ပွေ့ဖက်၍ သေဆုံးနေပုံကို ဒေသဆိုင်ရာ မီနာ သတင်းဌာနက ဖော်ပြခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် အခြားခြောက်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး ယင်းငါးထပ်အဆောက်အအုံ ပြိုကျသည့် အပျက်အစီးများအောက်၌ ပိတ်မိနေသူများအား ကယ်ဆယ်ရေးဝန်ထမ်းများက ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိသည်ဟု ဆိုသည်။

ဂက်စ်အိုး ပေါက်ကွဲသံကဲ့သို့သော အသံကို ကြားရပြီးနောက် ယင်းအဆောက်အအုံမှာ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း တိုက်မြေညီထပ်တွင် နေထိုင်သူ အသက် ၂၈ နှစ်အရွယ်ရှိ ဆရမက်ချ်နာဇာမီက ပြောကြားသည်။ မြေညီထပ်မှာ မပျက်စီးသည့်အတွက် ၎င်းနှင့် မိဘများမှာ ဘေးမသီရန်မခဘဲ လွတ်မြောက်ခဲ့ရသည်ဟု ဆိုသည်။ **အင်တာနက်။**

## တရားမဝင် ဝင်ရောက်လာသူ အမေရိကန်သတင်းထောက်နှစ်ဦးအား ဆီးရီးယား ပြန်လွှတ်ပေး

**ဝါရှင်တန် အောက်တိုဘာ ၁၀**

ဆီးရီးယားနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်အတွက် လုံခြုံရေးအာဏာပိုင်များက ဖမ်းဆီးထားသော အမေရိကန် သတင်းစာဆရာနှစ်ဦးအား ကြာသပတေးနေ့က ပြန်လွှတ်ပေးလိုက်ပြီ ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ပြောကြားသည်။

၎င်းသတင်းစာဆရာ နှစ်ဦးဖြစ်သူ ဟိုလီချမ်မလာနှင့် တေလာလတ်တို့မှာ ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း၊ ယခုအခါ ဒမတ်စကတ်မြို့ရှိ အမေရိကန်သံရုံးတွင်ရှိနေကြကြောင်း အမေရိကန်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဂေါ်ဒွန်ဒူဂူအစ်က ပြောကြားသည်။

ချမ်မလာ(၂၇)နှစ်နှင့် လတ် (၂၃) နှစ်တို့သည် မှောင်ခိုသမားများ၏ အကူအညီဖြင့် ဆီးရီးယားနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည့်အတွက် ရဲတပ်ဖွဲ့၏ ဖမ်းဆီးစစ်ကြောမေးမြန်းခြင်းကိုခံရခြင်းဖြစ်သည်။

ဂျော်ဒန်တိုင်းမ်(စ်)အတွက် အလုပ်လုပ်နေသော အမေရိကန် သတင်းစာဆရာနှစ်ဦးသည် အောက်တိုဘာ ၁ရက်၌ ဘေရွတ်ဟိုတယ်မှ ထွက်သွားပြီးကတည်းက မည်သည့်သတင်းမှ မကြားသိရကြောင်း ဗုဒ္ဓဟူးနေ့တွင် ဘေရွတ်ရှိ အမေရိကန်သံရုံးက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## ဗော်လ်ဗိုကားကုမ္ပဏီ အလုပ်သမား ၃၀၀၀ကျော် လျှော့ချမည်

**စတော့ဟုမ်း အောက်တိုဘာ ၁၀**

ဆွီဒင်နိုင်ငံ ဗော်လ်ဗိုကားထုတ်လုပ်သောကုမ္ပဏီသည် အရောင်းကျဆင်းသဖြင့် ကြီးမားစွာ အရှုံးပေါ်သောကြောင့် အလုပ်သမား ၃၀၀၀ ကျော်ကို လျှော့ချမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

ယင်း ၃၀၀၀ ကျော်တွင် ဆွီဒင်နိုင်ငံအတွင်းမှ အလုပ်သမား ၂၇၀၀ နှင့် ပင်လယ်ရပ်ခြားမှ ၆၀၀ ပါဝင်သည်။ ဆွီဒင်နိုင်ငံဒုတိယ အကြီးဆုံးမြို့ ဂိုသင်းဘတ်ဂ်ျရှိ ဗော်လ်ဗိုရုံးချုပ်မှ သတင်းထုတ်ပြန်ရာတွင် အတိုင်ပင်ခံပညာရှင် ၇၀၀ နှင့်ချုပ်ဆိုထားသော စာချုပ်များကိုလည်း ဖျက်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အခြေစိုက် ဖို့ဒ်မော်တာမှ ပိုင်ဆိုင်သော ဗော်လ်ဗိုကုမ္ပဏီသည် ပထမနှစ်ဝက်အတွင်းတွင် ၁ ဒသမ၆ ဘီလီယံခရိုနာ(အမေရိကန်ဒေါ်လာ ၂၂၈သန်း) ဆုံးရှုံးခဲ့ပြီဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## မက္ကဆီကိုနိုင်ငံသား လူဝကြီး သေဆုံး

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၀**

ခန္ဓာကိုယ်အလေးချိန် ကီလိုဂရမ် ၄၅၀(ပေါင် ၉၉၀)ရှိသည့် မက္ကဆီကိုနိုင်ငံသား လူဝကြီးတစ်ဦးသည် ၎င်း၏အဝလွန်မှုကို ကူညီဖြေရှင်းပေးရန် မက္ကဆီကို ရုပ်မြင်သံကြားမှနေ၍ မေတ္တာရပ်ခံခဲ့ပြီးနောက် အောက်တိုဘာ ၇ ရက်က သေဆုံးနေခဲ့ကြောင်း မိသားစုဝင်တစ်ဦးကပြောကြားသည်။၎င်းသည် နှလုံးရပ်ကာ သေဆုံးခဲ့ရသည်ဟုဆိုသည်။

အဆိုပါ အသက်(၄၇)နှစ်ရှိ လူဝကြီး ဂျော့လူဝစ်ဂါဇာသည် ၎င်း၏ အိပ်ခန်းအတွင်း သော့ခတ်ကာ အိပ်နေရင်း ဝေဒနာခံစားရသဖြင့် ၎င်း၏ သူငယ်ချင်းဖြစ်သူက ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သေးသည်။ သို့သော် ဆေးရုံသို့ အရောက်တွင် သေဆုံးနေခဲ့ပြီးဖြစ်ကြောင်း အရေးပေါ်ဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ **အင်တာနက်။**

# စစ်တောင်းမြစ်ကမ်းဘေးက သူရဲသမိန်ကျေးရွာ

ချစ်နိုင်(စိတ်ပညာ)

၂၀၀၈ခုနှစ် စက်တင်ဘာလထဲမှာ ကားတစ်တန်၊ စက်လှေတစ်တန်နဲ့ ရန်ကုန်မှ မိုင် ၁၀၀ခန့်ဝေးတဲ့ ကျေးရွာတစ်ရွာသို့ ခရီးတစ်ခေါက် သွားရောက်ခဲ့ပါတယ်။ ရန်ကုန်မှ နံနက် ၄နာရီထွက်ခဲ့ရာ သူရဲသမိန် အမည်ရှိ အိမ်ခြေ ၁၅၀၀ကျော်ရှိတဲ့ စစ်တောင်းမြစ်ကမ်းဘေးမှ ရွာတန်းရှည်ကြီးသို့ ၁၀နာရီထိုးခါနီးမှ ရောက်သွားကြပါတယ်။ အကွာအဝေးက ရန်ကုန်ရဲ့ အရှေ့မြောက်အရပ်ဆီ မိုင် ၁၀၀လောက်သာရှိပါလိမ့်မယ်။ ညောင်လေးပင်၊ ဒိုက်ဦး၊ ဝေါ၊ ကျိုက်ထိုနဲ့ ရွှေကျင်ငါးမြို့နယ်ရဲ့ အစွန်အစပ်မှာရှိတဲ့ရွာ၊ ဝေါမြို့နယ်ထဲမှာပါပေမယ့် ရထားလမ်းမရှိ ကားလမ်းမရှိ၊ သွားရေးလာရေး ခက်ခဲတဲ့နေရာပါ။ ရန်ကုန်မှပဲခူး၊ ဘုရားကြီး၊ ဝေါ၊ မုပ္ပလင်၊ စစ်တောင်းမြစ်ကမ်းကိုရောက်တော့ စက်လှေစီးပြီး မြစ်ကို ၁၀မိုင်၊ ၁၅မိုင်ဆန်တက် ခရီးဆက်ရပါတယ်။

သူရဲသမိန်ကျေးရွာမှာ အလင်းသမိန်ဆိုတဲ့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ထူထောင်အောင်မြင်နေတာ ငါးနှစ်ကျော်ပါပြီ။ ရန်ကုန်မှ စာရေးဆရာတွေကိုဖိတ်ခေါ်ပြီး စာပေဟောပြောပွဲ ကျင်းပပေးခဲ့တာ (၄)ကြိမ်ရှိခဲ့ပါပြီ။ မိမိနဲ့အတူ ပဉ္စမအကြိမ်မြောက် အလင်းသမိန် စာကြည့်တိုက်ရဲ့ စာပေဟောပြောပွဲသို့ သွားရောက်ဟောပြောခဲ့ကြသူများကတော့ သန်လျင်မောင်မောင်ဦးနဲ့ မောင်ချစ်(သူရဲသမိန်) တို့ပါပဲ။ ဟောပြောပွဲများကို သူရဲသမိန်ရွာသားဦးမောင်ချစ်က စီစဉ်ပါတယ်။

အခုတစ်ခေါက်ခရီးကို ဆရာမောင်ချစ်(သူရဲသမိန်)က စီမံဦးစီးပြီး သူ့ရဲ့တူ ကိုတွတ်က နီဆန်းဆလွန်းကားလေး ကြက်သွေးရောင်ကို မောင်းစေတယ်။ မိမိကရှေ့ခန်းမှ ယာဉ်မောင်း ကိုတွတ်နဲ့အတူ ထိုင်၊ နောက်ခန်းမှာ ဆရာချစ်၊ ဆရာသန်လျင်မောင်မောင်ဦးတို့နှစ်ယောက်နဲ့ စာကြည့်တိုက်အတွက် မိမိလှူမည့် ပီနံအိတ်နဲ့စာအုပ် ၁၇၀။

အိမ်က ၂၈-၉-၂၀၀၈ရက် တနင်္ဂနွေနေ့ နံနက် ၄နာရီ မှောင်မှောင်မည်းမည်းထွက်ခဲ့ကြတာ ပဲခူးရောက်ခါနီးမှ အလင်းရောင်လာပါတယ်။ နံနက်စာတစ်နေရာမှာစား၊ ဆက်ထွက်။ စကားတပြောပြောနဲ့ လေးယောက်သားပျော်စရာပါ။ ဆရာမောင်ချစ်(သူရဲသမိန်)က သူရေးဖွဲ့တဲ့ကဗျာလေးကိုရွတ်ဆိုပြ-လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀-၄၀ဆီက သူရဲသမိန်ရွာကလေး-

**တောကျတဲ့ကျေးလက်၊ ဆေးစက်ကမညီတညီ**
**ဘယ်ဝယ်ဆီမျှော်လို့ငေး၊ မီးကလေးမှိတ်တုတ်၊ မှိတ်တုတ်**
**သူရဲသမိန်ဇနပုဒ်၊ မိုးချုပ်ပြီဆိုအမှောင်လွှမ်း**
**မှန်းကြည့်ရင်၊ လွမ်းမိမှာသေချာရဲ့**
**ပညာရေးနဲ့ပတ်သက်ရင်၊ မူလတန်းကျောင်းသားလေးတစ်ယောက်**
**ပြီးတော့တွဲဖက်၊ အလယ်တန်းတစ်ကျောင်း**
**အခက်အခဲပေါင်းများစွာ။**
**ရောဂါထွေပြား၊ ဖျားနာသလား**
**ဆေးပေးခန်းမရှိ ဆေးရုံဆိုတာနတ္ထိ**
**ချွေးထုတ်ဆေး၊ ဆေးမြီးတို၊ ဒါတွေကိုပဲ လက်ကိုင်ပြုရ**
**အသက်အိုးအိမ်စည်းစိမ်အန္တရာယ်**
**ကာကွယ်မယ့်ရဲစခန်း၊ အို-အလှမ်းရယ်ကွာလှချည့်**
**စစ်တောင်းရဲ့မြစ်ကြောင်းကလည်း**
**အချစ်တွေခေါင်းပါးရှေ့သလားကွယ်. . .**
**လှေသမ္ဗန်အကြုံစောင့်၊ ခရီးမထောက်ဖို့ငေးမော**
**ထုံထုံဆိုတဲ့ သဘော်၊ ဘဝအမောတွေနဲ့ဖြတ်သန်းခဲ့ပါတကား။**

တစ်ချိန်ကသောင်းကျန်းသူတွေ ဝင်လိုက်ထွက်လိုက် ဆူဆူပူပူ နှောင့်ယှက်ဖျက်ဆီးခံခဲ့ရတဲ့ ကျေးရွာတစ်ရွာ။အခုတော့ အဲဒီရွာကနေ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဝန်ထမ်းကောင်းတွေများစွာ ထွက်ပေါ်လာခဲ့ပြီးပါပြီ။ ယခင်နဲ့ ယခုကတော့ ကွာခြားချင်တိုင်း ကွာခြားနေပြီပေါ့။ ဆရာမောင်ချစ် (သူရဲသမိန်)က ရေးထားတယ်-

**သည်ကနေ့ သူရဲသမိန်ဟာ၊ သွားလမ်းတွေသာသလို**
**လာလမ်းတွေဖြောင့်ခဲ့ပြီ၊ အဖျက်အမှောင့်မရှိ**
**အနှောင့်အယှက်မရှိ ပကတိပီပြင်**
**ကြည်လင်တဲ့ နှလုံးသားနဲ့ ပန်းပါးနွဲ့မီလို့**
**“အလင်းသမိန်စာကြည့်တိုက်”၊ “အမေ့ရွာစာကြည့်တိုက်”နဲ့**
**အမှောင်တွေ ပယ်လို့ခွင်း၊ အလင်းဓာတ်လည်း ဆောင်ခဲ့ပြီ။**
**အိမ်တိုင်းစေ့ရင်ခွင်မှာ၊ ရေတင်စနစ်နဲ့**
**လက်စွဲတုံကင်တွေရှိလေရဲ့၊ ခေတ်မီတဲ့အိမ်သာ**
**ကမ္ဘာကြီးက ရွာတစ်ရွာပဲပေါ့။**

အစရှိသဖြင့် ဆရာမောင်ချစ်က သူ့ရင်ထဲက ပေါ်ထွက်လာတဲ့စကားတွေကို မနားတမ်းပြောပြီး သူရဲသမိန်နဲ့ မိမိကိုယ်ကိုယ် မိတ်ဆက်ပါတယ်။ သန်လျင်မောင်မောင်ဦးက ယခင် နှစ်ခေါက်ရောက်ခဲ့ဖူးပြီ။ ဒါဟာသူ့ရဲ့ တတိယမြောက်။ သူတို့နှစ်ယောက်ပြောပြတဲ့ သူရဲသမိန်ရဲ့ ယခင်နဲ့ ယခု ပုံရိပ်များကို မိမိက အတွေးနဲ့ငေးမောကြည့်မြင်ပြီး လိုက်ပါခဲ့ပါတယ်။

သိမ်ဇရပ်ကို ရောက်တာနဲ့ အုံ့အားသင့်စရာ၊ ပြုံးချင်စရာအဖြစ်တစ်ခု တွေ့မြင်ရပါတယ်။ စစ်တောင်းမြစ်ထဲသွားလာနေကြတဲ့ စက်လှေတွေရဲ့ နာမည်အများစုက ချစ်တွေပါကြသဗျာ။ ချစ်စမ်းမောင်၊ ချစ်လွမ်းမောင်၊ ချစ်လွန်းခင်၊ ချစ်လွန်းတင်၊ ချစ်လွန်းရင်၊ ချစ်ရင်လိုက်ခဲ့-

ကိုယ်တွေ့မျက်မြင် မော်တော်ခြောက်စင်းက ချစ်နဲ့စကြတယ်ဗျို့။ ချစ်သက်ဝေတို့၊ ချစ်ပြုံးနှင်းဆီတို့ ရှိကြသေးပုံပေါက်တယ်နော်။ ပျော်တတ်တဲ့ မော်တော်ပိုင်ရှင်တွေပဲ။

ချစ်စရာကောင်းတဲ့ အမည်တွေနဲ့တွေ့ရတာ ကြည်နူးစရာပါ။ ပေါင်းလောင်းမြစ်၊ စစ်တောင်းမြစ်ထဲမှာ မိမိနဲ့ အမည်ချင်းနီးစပ်သူတွေ တွေ့ရတာ မိမိကျေနပ်နေမိပါတယ်။

သူရဲသမိန်မှ ဦးကျော်သူ၊ ရပ်မိရပ်ဖ ဦးသန်းဝင်း၊ စာကြည့်တိုက် အတွင်းရေးမှူး မောင်ကျော်မိုးဇော်တို့က စက်လှေနဲ့ သိမ်ဇရပ်မှာ လာကြိုနေခဲ့ကြပါတယ်။ ၈ နာရီ ၄၅ မိနစ်ရောက်တော့ လက်ဖက်ရည်အတူသောက်ပြီး ဆက်ထွက်ခဲ့ကြပါတယ်။ မြစ်ကမ်းဘေး ဝဲ၊ယာရှုခင်းတွေက စိမ်းစိုရွှန်းလက်နေပါတယ်။ ငွေဖျိုင်းဖြူတွေ တွေ့ရတယ် လှေငယ်လေးတွေ ဖြတ်ကျော်ခဲ့တယ်။ ဗေဒါပင်လေးတွေ ရေပေါ်မှာ မျောပါနေတာ မြင်ရတယ်။ လယ်ကွင်း၊ ရွာ၊ တောင်ကုန်း၊ ကုန်းပေါ်မှစေတီ၊ တန်ဆောင်း၊ တောင်ခြေရှိ ငှက်ပျောခြံ၊ ဒူးရင်းခြံ၊ ရော်ဘာခြံ မြင်ကွင်းဟာ တစ်မျှော်တစ်ခေါ် လှပသာယာပါတယ်။

ဆရာဦးမောင်ချစ်ဟာ ရပ်ရွာအကျိုးနဲ့ လူမှုရေးတာဝန်ကို တော်တော်စေတနာထက်သန်တဲ့ပုဂ္ဂိုလ်ပါ။ သူဟာပေါင်းလောင်းအသင်းမှာ အတွင်းရေးမှူး ၂၃နှစ်ရှိခဲ့ပြီ၊ မွေးရပ်ဇာတိ သူရဲသမိန်ရွာကို အခေါက်ခေါက် အခါခါလာပြီး ကျောင်းရရေး၊ ဆေးရုံရရေး၊ သံဃာဆောင်ဆောက်ရေး၊ ကလေးဆေးရုံအဆောင်ဆောက်ရေး စသည့် လူမှုရေးတာဝန်တွေကို မညည်းမညူထမ်းဆောင်ခဲ့သူပါ။ တစ်ရွာလုံးက အဘချစ်၊ အဘချစ်နဲ့ ဝိုင်းပြီးလေးစားချစ်နေကြတာ မြင်ရတယ်။ သူ့ဆီကစေတနာနဲ့ ဖြူစင်တဲ့စိတ်ရင်းသဘောထားကို လေးစားအားကျမိတယ်။

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီခွဲအထိ သူရဲသမိန် အထက်တန်းကျောင်းခွဲမှာ စာပေဟောပြောပွဲ ကျင်းပပါတယ်။

| | |
|---|---|
| မောင်ချစ်(သူရဲသမိန်) | (မိတ်ဆက်နှင့်စေတနာစကား) |
| သန်လျင်မောင်မောင်ဦး | (လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်) |
| ချစ်နိုင်(စိတ်ပညာ) | (ချစ်လို့ပြောတာမှတ်ပါ) |

ဆယ်တန်းကျောင်းသား၊ ကျောင်းသူ ၇၀ ကျော်နဲ့ ရှစ်တန်း၊ ကိုးတန်းကလေးများ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်နားထောင်ကြပါတယ်။

ကျောင်းအုပ်ဆရာကြီး ဦးစိုးသိန်းက မိမိတို့ကို ကျေးဇူးတင်စကားပြောကြားပါတယ်။ သူက ညောင်လေးပင်သား။ B.Sc, B.Ed ကရင်၊ ခရစ်ယာန်၊ လူပျိုကြီး၊ အသားဖြူဖြူ မျက်နှာကြည်ကြည်လင်လင်နဲ့ အင်မတန် ရိုးသားသန့်စင်တဲ့ ပုဂ္ဂိုလ်ပါ။ ရိုးရိုးအေးအေး နေတတ်တဲ့ အသွင်ကို ထင်ထင်ရှားရှားမြင်ရပါတယ်။

သူရဲသမိန်ရွာမှာ တာဝန်ကျနေကြတဲ့ ဆရာဝန်ဒေါက်တာဇော်လွင်၊ ရဲစခန်းမှူးရဲအုပ်မျိုးမင်း၊ သူနာပြုဆရာမ ဒေါ်ခင်ဝင်းမော်တို့ရဲ့ ရပ်ရွာအပေါ် စေတနာထက်သန်စွာ ဆောင်ရွက်နေကြပုံကိုလည်း မိမိသတိပြုမိခဲ့ပါတယ်။ ကျောင်းဟောပြောပွဲပြီးတော့ ဆရာဦးချစ်မောင်အိမ်သို့ ပြန်လာကြကာ မြစ်ကမ်းနံဘေး၌ ထိုင်ခုံတွေချပြီး ရေနွေးကြမ်းသောက်ရင်း လေညင်းခံကြတယ်။ စစ်တောင်းမြစ်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့လေက ညနေခင်းမှာ အေးမြပါပေတယ်။အိမ်ပေါ်မှာတော့ သွပ်မိုးရှိန်နဲ့မို့ ပူသေးတယ်။ ရေနွေးအမြည်းက ငါးခူကြော်၊ ငါးက လတ်ဆတ်တော့ သိပ်ချိုတာပဲ။

ည၇နာရီမှာတော့ ရွာကွင်းပြင် ကွက်လပ်မှာ ပီပါတွေပေါ် ပျဉ်ပြားတွေခင်း စင်ထိုးကာ ခမ်းခမ်းနားနား စာပေဟောပြောပွဲ ကျင်းပကြပါတယ်။ စာကြည့်တိုက်မှူး မကြည်ကြည်ဝင်းတို့ မိန်းမပျိုလေးသုံးဦးက အခမ်းအနားမှူး လုပ်တယ်။

| | |
|---|---|
| မောင်ချစ်(သူရဲသမိန်) | အမေ့ရွာအလွမ်း |
| သန်လျင်မောင်မောင်ဦး | ရယ်စရာမောစရာ |
| ချစ်နိုင်(စိတ်ပညာ) | စေတနာကောင်းရင် ကံကောင်းမယ် |

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက် အလင်းသမိန်သို့ စာအုပ် ၉၀၊ ကျောင်းမှာရှိတဲ့ အမေ့အိမ်စာကြည့်တိုက် အတွက် စာအုပ် ၈၀ ပေးအပ်လှူဒါန်းပါတယ်။ရန်ကုန်မြို့မှ အလှူရှင်များက ပါးလိုက်တာပါ။ အလင်းသမိန် စာကြည့်တိုက်မှာ စာအုပ်ပေါင်း ၃၀၀၀ ကျော်ရှိပြီး သုတ၊ ရသစာအုပ် ၃၀၀ ခန့်ရှိပါတယ်။

သူရဲသမိန်ရွာသား ဦးမောင်ချစ်ဟာ လူမှုရေးကို စိတ်ရင်းဖြူစင်စွာ လုပ်ဆောင်နေတာ တွေ့မြင်ရပါတယ်။ ဒါက မျိုးရိုးဗီဇပါပုံရတယ်။ သူ့အဘိုး ဦးမောင်မောင်၊ ဒေါ်အေးမယ်ဆိုတာ အင်္ဂလိပ်ခေတ် ဆယ်ရွာအုပ်တိုက်သူကြီး၊သူ့ဖခင် ဦးဘညွန့်၊ ဒေါ်တင်ဆိုတာ လွတ်လပ်ရေးခေတ် သူရဲသမိန်တိုက်သူကြီးပါပဲ။ ဦးမောင်ချစ်က အလယ်တန်း၊ အထက်တန်း (စကောလားရှစ်) ပညာသင်ဆုရခဲ့သူပါ။ ကုန်သွယ်ရေးဝန်ထမ်း ၂၇ နှစ် လုပ်ခဲ့ဖူးတယ်။ ယခုအသက် ၆၇ နှစ်၊ ဘောလုံးသမားပီပီ အသင်းအဖွဲ့နဲ့ စုပေါင်းလုပ်ဆောင်တာ တော်ပါတယ်၊ စိတ်ရှည်တယ်၊ ပေါင်းစပ်တတ်တယ်၊ အောင်မြင်ပေတာပေါ့။

အလင်းသမိန်စာကြည့်တိုက် အမှုဆောင်ဥက္ကဋ္ဌ ကိုအောင်ဝင်းတို့က မိမိတို့သုံးဦး ဟောပြောကြတာကို ကျေနပ်အားရကြပါတယ်။ စာပေပရိသတ်က သဘောကျတယ်ပြောတာပဲ။ ရွာမှာ စာပေဟောပြောပွဲ ငါးကြိမ်လုပ်နိုင်ခဲ့တာ အတွေ့အကြုံ ရင့်ကျက်လာပြီပေါ့။ စာဖတ်သူတွေ သိသိသာသာ တိုးစေခဲ့ပါပြီ။ ည ၇ နာရီ စဟောပြောတာ နောက်ဆုံးဟောတဲ့ မိမိပွဲသိမ်းတော့ ၁၀ နာရီခွဲပြီ။ တစ်ယောက် တစ်နာရီစီလောက် မျှမျှတတ ဟောပြောခဲ့ကြတာပဲ။

ပြီးတော့ ဆရာမင်းသုဝဏ်ရဲ့ မင်းရဲကျော်စွာနဲ့ သူ့မှာတမ်း ကဗျာနှစ်ပုဒ်ကို အသံနေအသံထားနဲ့ ခံစားချက်လိုက်လှဲစွာ ရွတ်ဆိုဟောပြောရင်း နိဂုံးချုပ်ခဲ့ပါတယ်။ ။

**တစ်ချိန်က သောင်းကျန်းသူတွေ ဝင်လိုက်ထွက်လိုက် ဆူဆူပူပူ နှောင့်ယှက်ဖျက်ဆီးခံခဲ့ရတဲ့ ကျေးရွာတစ်ရွာ။ အခုတော့ အဲဒီရွာကနေ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဝန်ထမ်းကောင်းတွေများစွာ ထွက်ပေါ်လာခဲ့ပြီးပါပြီ။ ယခင်နဲ့ ယခုကတော့ ကွာခြားချင်တိုင်း ကွာခြားနေပြီပေါ့။**

# မော်လမြိုင်-ဘားအံ လမ်းတစ်လျှောက်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၁

**မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် အောက်တိုဘာ ၄ရက် နံနက် ၈နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပသည့် ၂၀၀၈ ခုနှစ် မွန်ပြည်နယ်ဂုဏ်ဆောင် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။**

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ မြိုင်ရတနာလေးထပ်ဈေး မြေညီထပ်ရှိ ဝင်းသူဇာအရောင်းဆိုင်၊ အဝတ်အထည်၊ နာရီဆိုင်နှင့် အလှကုန်ဆိုင်များ၊ ဈေးပထမထပ်ရှိ စိန်ရွှေရတနာဆိုင်များ၊ Shopping Centre များ၊ အားကစားပစ္စည်းနှင့် အလှကုန်ပစ္စည်းဆိုင်များ၊ ဈေးဒုတိယထပ်ရှိ စတိုးဆိုင်၊ အီလက်ထရွန်နစ်ပစ္စည်းဆိုင်၊အလှပြင်ဆိုင်၊ကလေးကစားစရာပစ္စည်းဆိုင်၊ အမျိုးသမီး ဆံသဆိုင်များနှင့် ဈေးတတိယထပ်ရှိ ကော်ဖီနှင့် စားသောက်ဆိုင်၊ ဂိမ်းဆိုင်၊ အင်တာနက်ဆိုင်၊ ကျန်းမာရေး လေ့ကျင့်ခန်းမ၊ အလေးမအားကစားခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(မုတ္တမ) တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ သထုံခရိုင် ပေါင်မြို့နယ်ရှိ ပဒုမ္မာဆပ်ပြာစက်ရုံ၌ ကုန်ထုတ်လုပ်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ပေါင်မြို့နယ် ကမာပီကျေးရွာအနီး စပါးများ အောင်မြင်ဖြစ်ထွန်းမှုနှင့် ရိတ်သိမ်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ သံလွင်တံတား (မော်လမြိုင်)၏ တံတားကြံ့ခိုင်မှုနှင့် သံလွင်မြစ်ရေ စီးဆင်းမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

## အမှာစကားပြောကြား

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကရင်ပြည်နယ်ဘားအံမြို့ရှိ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့်ကရင်ပြည်နယ်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့လည်းကောင်း၊ ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများနှင့် ထူးချွန်ကျောင်းများ ဂုဏ်ပြုချီးမြှင့်ပွဲသို့လည်းကောင်း တက်ရောက် အမှာစကားပြောကြားသည်။

## ရောက်ရှိ

ယင်းနောက်ဗိုလ်ချုပ်သာအေးသည် မဲဘောင်ကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တကုဏ္ဍိယအား လည်းကောင်း၊ ညောင်ပင်သာကျောင်းသို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တဝဇီရဗုဒ္ဓိအား လည်းကောင်း ဖူးမြော်ကြည်ညိုပြီး ဘားအံ-သထုံ ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ သထုံမြို့သို့ ညပိုင်းတွင် ရောက်ရှိသည်။

(သတင်းစဉ်)




**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မော်လမြိုင်မြို့ မွန်ပြည်နယ် ပြည်နယ်ခန်းမ၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် မွန်ပြည်နယ် ဂုဏ်ဆောင် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ထူးချွန်ဆုရ ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ၁၉၇၄-၇၈ စီးပွားရေးဘွဲ့ရများ ပုလဲရတုကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

စီးပွားရေးတက္ကသိုလ် (ရန်ကုန်) ၁၉၇၄-၇၈ ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ရနှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ်၊ အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၈ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အင်းလျားလမ်းရှိ စီးပွားရေးတက္ကသိုလ် ပင်မဆောင် အခန်းအမှတ် (၁၀)၌ ကျင်းပမည်ဖြစ်ရာ ရပ်နီး၊ ရပ်ဝေးမှ ကျောင်းနေဖက်သူငယ်ချင်းအားလုံး စုံညီစွာ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ ထို့အတူ မိတ်ဆုံညစာစားပွဲကို ထိုနေ့ ညနေ ၆နာရီတွင် (M.3 Food Centre)၌ ကျင်းပမည်ဖြစ်ရာ အလှူငွေ ထည့်ဝင်လိုသူများ ကိုလင်းကြည် ဖုန်း-၀၉-၅၀၀၈၁၂၂၊ ကိုတင်လတ် ဖုန်း-၀၉-၅၀၂၃၀၃၀၊ ကိုမင်းဟန် ဖုန်း- ၀၉-၅၀၁၆၁၉၂၊ မစန်းစန်းဝင်း ဖုန်း-၀၉-၅၀၁၁၇၆၀၊ မစမ်းစမ်းအေး ဖုန်း-၀၁-၅၄၈၆၆၄၊ မမြင့်မြင့်အောင် ဖုန်း-၀၁-၅၉၁၁၉၅၊မဝင်းမာ ဖုန်း-၀၉၅၁၆၅၁၅၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၂-၁၀-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၃၀ ၄။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ယုန်ကလေးရဲ့သံစဉ်ချို**
၁း၅၀ ၅။ အမျိုးသားရေးတေးကဗျာ
၁း၅၅ ၆။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၇။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၄း၄၅ ၆။ မြန်မာသံစဉ် ချိုနားဝင်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ် မျက်လှည့်ပညာရှင်များ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၁၄)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၁၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

# တနင်္သာရီ ရေအားလျှပ်စစ်စီမံကိန်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ထိုင်းနိုင်ငံ Italian-Thai Development Public Co.,Ltd မှ President, Mr.Premchai Karnasuta နှင့် စင်ကာပူ British Virgin Island မှ Wind Fall Energy Services Limited Director, Mr.Chua Chay Jin နှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။**

ထို့နောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ Italian-Thai Development Public Co.,Ltd၊ စင်ကာပူ British Virgin Island မှ Wind Fall Energy Services Limited တို့ ပူးပေါင်းဆောင်ရွက်ကြမည့် တနင်္သာရီ ရေအားလျှပ်စစ်စီမံကိန်းအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ဆက်လက်ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Italian-Thai Development Public Co.,Ltd မှတာဝန်ရှိသူများ၊ စင်ကာပူ British Virgin Island မှ Wind Fall Energy Services Limitedမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစီအစဉ်အရ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ထိုင်းနိုင်ငံ Italian-Thai Development Public Co., Ltd မှ President Mr. Premchai Karnasuta က ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ထိုင်းနိုင်ငံ Italian-Thai Development Public Co.,Ltd မှ President, Mr. Premchai Karnasuta ကနားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ Italian-Thai Development Public Co.,Ltd၊ စင်ကာပူ British Virgin Island မှ Wind Fall Energy Services Limited တို့သည် တနင်္သာရီ ရေအားလျှပ်စစ် စီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးကြခြင်းဖြစ်ပြီး တနင်္သာရီရေအားလျှပ်စစ် စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀၀ထွက်ရှိမည့် စီမံကိန်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် ထိုင်းနိုင်ငံ Italian-Thai Development Public Co.,Ltd၊ စင်ကာပူ British Virgin Island မှ Wind Fall Energy Services Limitedတို့ ပူးပေါင်းဆောင်ရွက်ကြမည့် တနင်္သာရီ ရေအားလျှပ်စစ်စီမံကိန်းအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပစဉ်။** (သတင်းစဉ်)




# သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်နှင့် စည်ပင်သာယာ ကျန်းမာရေးဌာနမှ လ/ထ ဌာနမှူးနှင့် အဖွဲ့ဝင်တို့သည် အောက်တိုဘာ ၈ ရက် နံနက် ၇ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ် (က) နှင်းဆီကုန်းရပ်ကွက်၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးတင်အောင်ဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်းပါဝင်သောအဖွဲ့တို့သည် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ကျန်းမာရေးပညာပေး ဟောပြောခြင်း၊ ချုံများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းရန် အမှိုက်များဆယ်ယူရှင်းလင်းခြင်း၊ ရေစည်၊ ရေအိုး၊ အုတ်ရေကန်များအား ပိုးလောက်လမ်း မပေါက်ပွားနိုင်ရန် ဆေးများထည့်ခြင်း၊ ဆေးဘူးများဖြင့် ခြင်ဆေးမှုတ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ကြရာသို့ လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ (၅၀၆)

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

**ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (FBCCI)တို့ တွေ့ဆုံဆွေးနွေးပွဲကို ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီတွင် ကျင်းပရာ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသော အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် ပညာရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် Dr. Hossain Zillur Rahman ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အတွင်းဝန် Mr. Feroz Ahmad တို့ တက်ရောက်အားပေးကြသည်။**

အဆိုပါတွေ့ဆုံဆွေးနွေးရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ Mr. Annisul Huq နှင့် ဘင်္ဂလားဒေ့ရှ် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ရင်းနှီးခင်မင်စွာ နှစ်နိုင်ငံအကြား တည်ရှိဖြစ်ထွန်းနေသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများ တိုးချဲ့ရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းသို့ ဆွေးနွေးရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Major. General Abu Rushde Rokonuddawala ကလည်း နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးချဲ့နိုင်ရေးအတွက် အကြံပြုဆွေးနွေးသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက မြန်မာနိုင်ငံအနေဖြင့် ပဲမျိုးစုံအပါအဝင် လယ်ယာ ထွက်ကုန်သီးနှံများ၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်းစသည်တို့ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးချဲ့ရန် အလားအလာကောင်းများ တည်ရှိနေသည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို ဒေါ်လာသန်း ၅၀၀အထိ တိုးမြှင့်သွားရန် ရည်မှန်းထားပါကြောင်းဖြင့် ရှင်းလင်းပြော ကြားသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာကလည်း မြန်မာနိုင်ငံ၏ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့နိုင်သည့် အလားအလာများ၊ ကုန်သွယ်မှုလမ်းကြောင်း စည်းကမ်းတကျ ပုံမှန်ဖွံ့ဖြိုးတိုးတက်အောင် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပုံများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် ပညာရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဒေါက်တာရာမန်ကလည်း မိမိတို့နှစ်နိုင်ငံအကြား၌ ကူးသန်းရောင်းဝယ်ရေးအခွင့်အလမ်းများ များစွာရှိပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလမ်းကြောင်း မှန်ကန်မြန်ဆန်အောင် ကြိုးပမ်းကြရန်လိုကြောင်း၊ ကြုံတွေ့ရသော အခက်အခဲများကိုလည်း နားလည်မှု၊ ရင်းနှီးမှုများဖြင့် ညှိနှိုင်းဖြေရှင်းသွားကြရမှာဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ မိမိတို့ကုန်စည်ပြပွဲ ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုကို ဒေါ်လာသန်း ၁၀၀ ကျော်မှ သန်း၅၀၀အထိ တိုးမြှင့်ရန် ရည်မှန်းထားကြောင်း ရှင်းလင်းဆွေးနွေးသည်။




**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များနှင့် စစ်တကောင်းဒေသ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ စစ်တကောင်းမြို့တွင် နှစ်နိုင်ငံ ကုန်သွယ်ရေးကိစ္စများ ဆွေးနွေးကြစဉ်။** (သတင်းစဉ်)

ထို့နောက် တက်ရောက်လာကြသူများက ကုန်စည်ပြပွဲကျင်းပရေးကိစ္စနှင့် ကုန်ပစ္စည်းများတင်ပို့ခွင့်အဆင်ပြေရေးကိစ္စ၊တိုက်ရိုက်လေကြောင်းပြေးဆွဲရေးကိစ္စနှင့် အခြားနှစ်နိုင်ငံ အကျိုးတူဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းကြပြီး မြန်မာနိုင်ငံမှအစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် လုပ်ငန်းရှင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

အလားတူပင် အောက်တိုဘာ ၉ ရက်တွင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ စစ်တကောင်းမြို့သို့ရောက်ရှိသည့်အခါ ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် စစ်တကောင်းဒေသ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ သွားရောက်၍ နှစ်နိုင်ငံ ကုန်သွယ်ရေးကိစ္စများကို တွေ့ဆုံ ဆွေးနွေးကြသည်။

ထို့အပြင် စစ်တကောင်း အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းက ပြသသော ဒေသထွက်ကုန်ပစ္စည်း ပြပွဲသို့လည်း ဝင်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ (သတင်းစဉ်)

## ကြည့်ရှုအားပေး



**အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် အဖွဲ့ဝင်များ၊ စစ်တကောင်း အမျိုးသမီးစီးပွား ရေး စွမ်းဆောင်ရှင် အသင်းက ပြသသော ဒေသထွက် ကုန် ပစ္စည်းပြပွဲကို ကြည့်ရှုအားပေး ကြစဉ်။** (သတင်းစဉ်)

# ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင်လိုက်ပါလာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ သက်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၁

**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ မိမိတို့နှင့်သက်ဆိုင်သော ဝန်ကြီးဌာန တာဝန်ခံ အကြံပေးပုဂ္ဂိုလ်များနှင့် အသီးသီးသွားရောက် တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်။**

### နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများ တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းသည် အောက်တိုဘာ ၈ရက် နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံခြားရေးဝန်ကြီးဌာနသို့သွားရောက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ခါ အာမက်ချောင်ဒရီအား တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

### နှစ်နိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးများ တွေ့ဆုံ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ဒါကာမြို့ရှိ Ministry of Communication Housing and Public Works သို့သွားရောက်၍ တာဝန်ခံ အကြံပေးပုဂ္ဂိုလ် အငြိမ်းစား ဗိုလ်ချုပ် Ghulan Quader အား တွေ့ဆုံ၍ လမ်းဖောက်လုပ်ရေးကိစ္စများနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့သည်။

### နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးများ တွေ့ဆုံ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် အောက်တိုဘာ ၈ရက် နံနက်ပိုင်းတွင် ဒါကာမြို့ရှိ Ministry of Home, Shipping and Liberation War Affairs သို့ သွားရောက်၍ တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ် M.A Matin အား တွေ့ဆုံကာ နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ကိစ္စများကို ဆွေးနွေးခဲ့သည်။

### နှစ်နိုင်ငံစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးများ တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ ၈ရက် မွန်းလွဲ၂နာရီတွင် ဒါကာမြို့ရှိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Power, Energy and Mineral Resources သို့ သွားရောက်၍ တာဝန်ခံအကြံပေးပုဂ္ဂိုလ် Mr. M. Tamin အား တွေ့ဆုံပြီး စွမ်းအင်နှင့်လျှပ်စစ်ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် Petrobangla ဥက္ကဋ္ဌ Mr. Jalal Ahmed နှင့် BAPEX မန်နေဂျင်းဒါရိုက်တာ Mr.

**❐ ကျောဖုံးမှ**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အလှူရှင်မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းဆောင်သစ်အတွင်း ခင်းကျင်းပြသထားသည့် ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၇၃ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကာ တန်ဖိုးမှာ ငွေကျပ်သိန်း ၃၅၀ ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့ ဘုရားလမ်းရပ်ကွက် ပတုတ်အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီခွဲတွင် အဆိုပါ ကျောင်းဆောင်သစ်ရှေ့ရှိ မဂ်လာမုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အလှူရှင် သော်တာဝင်း ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးနေဝင်းကျော်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အလှူရှင်မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခင်းကျင်းပြသထားသည့် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကာ ကျောင်းဝင်းအတွင်းရှိ မြေကွက်လပ်များ၌ စိုက်ပျိုးထားသည့် စားသုံးသီးနှံပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ကျောင်းဥပစာရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်(ကော့မှူးမြို့နယ်တာဝန်ခံ)အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပတုတ်အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်သိန်းနှင့် ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးပိုက်တင်တို့က လက်ခံကြသည်။

ဆက်လက်၍ ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူရှင် ဝေမိသားစုမှ ဦးတာဝေက ငွေကျပ်သိန်း ၃၅၀ နှင့် ပတုတ် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူရှင်သော်တာဝင်းကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေဝင်းကျော်က ငွေကျပ်သိန်း ၁၃၀၀ တို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ ပေးအပ်ကြရာ ကျောင်းအုပ်ကြီးများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပတုတ် အခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် အလှူရှင် Horizonal International Education Centre မှ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ပရိဘောဂများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် ဦးနေဝင်းကျော်နှင့် ဦးတာဝေတို့က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်ကြသည်။

အလှူရှင် သော်တာဝင်းကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေဝင်းကျော် မိသားစုက ဆောက်လုပ်လှူဒါန်းသည့် အဆိုပါ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်မှာ အလျား ၁၁၂ ပေ၊ အနံပေ ၃၀ နှင့် အမြင့်ပေ ၂၀ ရှိ စာသင်ခန်း ငါးခန်းတွဲ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၂၇၇ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကာ တန်ဖိုးမှာ ငွေကျပ်သိန်း ၁၃၀၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ကော့မှူးမြို့ ဘုရားလမ်းရပ်ကွက် ပတုတ်အခြေခံပညာ မူလတန်းလွန် ကျောင်းတွင် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ထုတ် အဘိဓာန်စာအုပ်များ မိုဘိုင်းလ်တယ်လီဖုန်းများတွင် အသုံးပြုနိုင်ပြီ

ရန်ကုန် အောက်တိုဘာ ၁၁

**ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေထားသော မြန်မာ-အင်္ဂလိပ် အဘိဓာန်၊ အင်္ဂလိပ်-မြန်မာအဘိဓာန်စာအုပ်များကို မိုဘိုင်းလ်တယ်လီဖုန်းများတွင် အသုံးပြုနိုင်ရန်အတွက် အီလက်ထရွန်နစ်အဘိဓာန်များ စတင်ထုတ်လုပ်ရောင်းချသည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာစာအဖွဲ့ ဦးစီးဌာန၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ မိုဘိုင်းလ် လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကစာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက အဖွင့်အမှာစကား ပြောကြားပြီး Technomation Studios မှ ကိုထူးမြင့်နောင်က အင်္ဂလိပ်-မြန်မာ အဘိဓာန်နှင့် မြန်မာ-အင်္ဂလိပ် အဘိဓာန်များကို မိုဘိုင်းလ်တယ်လီဖုန်းများတွင် ထည့်သွင်းအသုံးပြုပုံများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာစာအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးစံလွင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခု ထုတ်လုပ်ရောင်းချသော မိုဘိုင်းလ် တယ်လီဖုန်းများအတွက် အဘိဓာန်များမှာ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ ဦးစီးဌာနနှင့် A&T International Co.,Ltd. တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်ပြီး အင်္ဂလိပ်-မြန်မာ အဘိဓာန်နှင့် မြန်မာ-အင်္ဂလိပ်အဘိဓာန် နှစ်မျိုးဖြစ်သည်။

အင်္ဂလိပ်-မြန်မာ အဘိဓာန်သည် စာမျက်နှာ ၁၆၂၁ မျက်နှာရှိပြီး စုစုပေါင်းတည်ပုဒ် ၂၂၀၀၀ ဆင့်ပွားနှင့် ပေါင်းစပ်ပုဒ်ပေါင်း ၁၅၀၀၀၊ အီဒီယံနှင့်ကြိယာပုဒ်ပေါင်း ၁၁၀၀၀၊ စုစုပေါင်း စာလုံးရေ ၄၈၀၀၀ ကို အသေးစိတ် အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် ဖော်ပြထားပြီး စကားလုံးတိုင်းအတွက် သာဓကပြ ဝါကျပေါင်း ၉၀၀၀၀ ကျော် ပါဝင်သော စာအုပ်ဖြစ်သည်။ အဆိုပါစာအုပ်တွင် ဖော်ပြထားသည့်အတိုင်း မိုဘိုင်းလ် တယ်လီဖုန်းများတွင် အလွယ်တကူ ရှာဖွေအသုံးပြုနိုင်ရန် ပြုလုပ်ထားသည်။

အင်္ဂလိပ်-မြန်မာ အဘိဓာန်တွင် တည်ပုဒ်ဝေါဟာရများကို အသံထွက်ဖတ်ပြပေးနိုင်သည်။ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက်လည်းကောင်း၊ အင်္ဂလိပ်ဘာသာ လေ့လာသူများအတွက်လည်းကောင်း အဆင့်အလိုက် လေ့ကျင့်ရန် ဝေါဟာရ လေ့ကျင့်ခန်းများကိုပါ ထည့်သွင်းပေးထားသည်။ ယခုထုတ်လုပ်သော အဘိဓာန်ဆော့ဖ်ဝဲကို DEFINED 2.0 ဟု အမည်ပေးထားပြီး မြန်မာ-အင်္ဂလိပ်၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်များသာမက အခြားသော အဘိဓာန်များကိုပါ ပေါင်းစပ်ထည့်သွင်းထားနိုင်ပြီး စကားလုံးတစ်လုံး၏ အဓိပ္ပာယ်ကို အဘိဓာန်အသီးသီးမှ ဖွင့်ဆိုရှင်းပြချက်များဖြင့် နှိုင်းယှဉ်လေ့လာနိုင်ကြောင်း သိရှိရသည်။

ရုံးသုံး၊ကျောင်းသားသုံး ပညာရှင်သုံးအတွက် ရည်ရွယ်ထုတ်လုပ်ထားသော မြန်မာ-အင်္ဂလိပ် အဘိဓာန်သည် ဝေါဟာရပေါင်း ၁၈၀၀၀ ကျော် ပါဝင်ပြီး မြန်မာစကားလုံးများ၏ အဓိပ္ပာယ်ကို အင်္ဂလိပ်ဘာသာဖြင့် ဖွင့်ဆိုရှင်းပြပေးထားသည်။ သိလိုသော မြန်မာစာလုံးကို အလွယ်တကူ ရိုက်နှိပ်ရှာဖွေနိုင်ရန် စီစဉ်ပေးထားသည်။

အခမ်းအနားတွင် မိုဘိုင်းလ်တယ်လီဖုန်းတစ်လုံးကို မြန်မာဘာသာဖြင့် ပြောင်းလဲအသုံးပြုနိုင်သော Messx 2.0 ဆော့ဖ်ဝဲကိုပါ တစ်ပါတည်း ပူးတွဲထုတ်လုပ်ဖြန့်ဖြူးသည်။ Messx 2.0 သည် တယ်လီဖုန်း မှတ်တမ်းများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ အလိုအလျောက် ပြောင်းပေးနိုင်ခြင်း၊ လိပ်စာများ ရှာဖွေရာတွင် ယခင်ထုတ်လုပ်ခဲ့သော Version 1.0 ထက် ၈၀ ရာခိုင်နှုန်း မြန်ဆန်ခြင်း၊ My Myanmar Project မှ အသစ်ထွက်လာသော text to speech စွမ်းဆောင်ချက်ဖြင့် ပေးစာများကို မြန်မာဘာသာဖြင့် အသံထွက်ဖတ်ပြခြင်းနမူနာများကို ထည့်သွင်းပေးထားသည်။

DEFINED အင်္ဂလိပ်-မြန်မာ အဘိဓာန်နှင့် မြန်မာ-အင်္ဂလိပ် အဘိဓာန်များ၊ Messx 2.0 မိုဘိုင်းလ်တယ်လီဖုန်းသုံး မြန်မာစာစနစ်များကို ရန်ကုန်နှင့် မန္တလေးမြို့များရှိ မိုဘိုင်းလ်တယ်လီဖုန်းအရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် Pace Computer Centre အမှတ် ၁၄၉ ဘိုကလေးဈေးလမ်း ရန်ကုန် ဖုန်း-၃၈၀၈၅၄၊ ၃၉၂၁၅၂၊ ၃၉၂၁၄၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ဝန်ကြီး ဦးဉာဏ်ဝင်း စပိန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၀၈ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မီဂဲ(လ်)၊ အင်ဂျဲ(လ်)၊ မိုရာတီနော့(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

Muhammad Imaduddin တို့အားလည်းကောင်း၊ Mohana Holding Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. K.B Ahmed အားလည်းကောင်း လက်ခံတွေ့ဆုံပြီး စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

## ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ဒါကာမြို့ရှိ စက်ရုံများကိုလေ့လာ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလျက် အောက်တိုဘာ ၈ ရက်တွင် ဒါကာမြို့ရှိ Tangi Beximco ဆေးဝါးထုတ်လုပ်ရေးစက်ရုံကို လည်းကောင်း၊ ဒါကာမြို့ ဆာဗားရှိ Shinepukur ကြွေထည်မြေထည်စက်ရုံကို လည်းကောင်း သွားရောက်ကြည့်ရှု လေ့လာကြသည်။ (သတင်းစဉ်)

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်လူသစ်**
**ဘဝသစ်**

**❍ နေပြည်တော်ပျဉ်းမနားမှ**

ယင်းခရီးလမ်းပိုင်းမှာ နေပြည်တော်ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်းပိုင်းဖြစ်သည်။

ဒွေးလမ်းဆိုသည်မှာ နှစ်လမ်းသွားလမ်းဖြစ်သည်။ ရန်ကုန်-မန္တလေး ရထားလမ်းတွင် ယခင်က အတန်အသင့်ဖောက်လုပ်ခဲ့သော ဒွေးလမ်းများ အပြင် ကျန်ရှိသောလမ်းများကို ဆက်လက်ဖောက်လုပ်ခဲ့သည်။ ယခုတင်ပြသည့် နေပြည်တော်ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်းသည် နောက်ဆုံးကျန်ရှိသော လမ်းပိုင်းကို အဆုံးသတ် ဖောက်လုပ်ပေးခဲ့သည့် အပြီးသတ် အောင်ပွဲတစ်ခုပင်ဖြစ်သည်။

ဖောက်လုပ်ပြီးစီးခဲ့သည့် နေပြည်တော်ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်း ရထားလမ်းသည် အရှည်မိုင် ၁၅၇ ဒသမ ၇၅ မိုင်ရှိသည်။ အဆိုပါလမ်းပိုင်းတွင် ပေ ၁၈၀ အထက် တံတားကြီး ၁၀ စင်း အပါအဝင် မီးရထားတံတားပေါင်း အစင်း ၄၉၀ ကိုပါ ထည့်သွင်း တည်ဆောက်ပေးထားသည်။ ရန်ကုန်မြို့မှ နေပြည်တော်ပျဉ်းမနားအထိ ရထားလမ်းခရီးမိုင် ၂၂၅ မိုင်နှင့် မြို့ဟောင်း-မန္တလေး ရထားလမ်းခရီးမိုင် ၂ ဒသမ ၇၅မိုင် တို့ကို တောက်လျှောက် ဒွေးလမ်း နှစ်လမ်းသွားရထားလမ်းအဖြစ် အပြီးသတ် ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ရန်ကုန်မှမန္တလေး ခရီးမိုင် ၃၈၅ ဒသမ ၅ မိုင်ရှိသည့် ရထားလမ်းတစ်ခုလုံး နှစ်လမ်းသွားအဖြစ် တစ်ဆက်တစ်စပ်တည်း အသုံးပြုနေပြီဖြစ်သည်။

အပြီးသတ် ဆက်စပ်ဖွင့်လှစ်ပေးနိုင်သည့်အတွက် ရန်ကုန်မှ မန္တလေး၊ မန္တလေးမှရန်ကုန်သို့ အသွားတစ်လမ်း၊ အပြန်တစ်လမ်း သတ်သတ်စီဖြင့် တောက်လျှောက်သွားလာလျက်ရှိသည်။ ယခုအခါ ရထားများ ယခင်ထက် အချိန်တိုတိုခုတ်မောင်းနိုင်သည်။ အချိန်မှန်ကန်လာသည်။ မတော်တဆဖြစ်မှုလျော့နည်းလာသည်။ ရထားစင်းရေ တိုးချဲ့ပြေးဆွဲလာသည့် အကျိုးကျေးဇူးများကို ယနေ့ ခရီးသွားပြည်သူတစ်ယောက်အနေဖြင့် လက်တွေ့ခံစားသိရှိလာရသည်။ များစွာ ဝမ်းမြောက်မိပါသည်။

ယနေ့အချိန်အခါတွင် နေပြည်တော်ကြီး ဖွံ့ဖြိုးစည်ပင်လာရေးအတွက် အဘက်ဘက်က ဆောက်ရွက်လျက်ရှိသည်။ ထိုသို့ ဝိုင်းဝန်းဆောင်ရွက်ကြရာတွင် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး အခန်းကဏ္ဍသည် အရေးပါသော ကဏ္ဍအဖြစ်ပါဝင်နေသည်မှာ ငြင်းနိုင်ဖွယ်မရှိပေ။ မိမိနှင့်တကွ နေပြည်တော်သို့ခရီးသွားသူများအားလုံး အဆင်ပြေ လွယ်ကူချောမွေ့နေပါသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်မဆုံး ဖြစ်မိသည်။ ရထားသည် ပို့ဆောင်ရေးခရီးစဉ်များတွင် အလွယ်ကူဆုံးနှင့် အသက်သာဆုံးဖြစ်သည်။

ထိုမျှသာမကသေး။ နေပြည်တော်ကို ဗဟိုပြု၍ နေပြည်တော်-ရန်ကုန် ခရီးစဉ်၊ နေပြည်တော်-ပုဂံ ခရီးစဉ်၊ နေပြည်တော်-ပြည် ခရီးစဉ်၊ နေပြည်တော်-မော်လမြိုင်ခရီးစဉ်များပါ တိုးချဲ့ပြေးဆွဲပေးလျက်ရှိသဖြင့် ခရီးသွားပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။ အဆိုပါခရီးစဉ်များတွင် စက်ခေါင်းတွဲ၊ ရထားတွဲ၊ ကုန်စည်တွဲများ တိုးချဲ့ခြင်းနှင့် အရည်အသွေးအဆင့် တိုးမြှင့်ခြင်း၊ ဘူတာရုံသစ်များ တိုးချဲ့တည်ဆောက်ခြင်း စသည့် ရထားပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို အလျင်အမြန် တည်ဆောက်ပေးနိုင်ခဲ့သည်။

ထိုသို့တည်ဆောက်ပေးရာတွင် နိုင်ငံတော်က ပြည်သူများ၏ အကျိုးစီးပွားကိုသာကြည့်ပြီး စီးပွားရေးအရ တွက်ခြေကိုက်မှုကိုမကြည့်၊ မူလရထားလမ်းခရီး အဆင်မပြေခဲ့သည့် ဒေသနေပြည်သူများ၏ အကျိုးစီးပွားကိုသာကြည့်သည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်။ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ အဆင်ပြေ ချောမွေ့လာသည်။ တိုင်းရင်းသားပြည်သူများ ကူးလူးဆက်သွယ် သွားလာနိုင်သည့် စည်းလုံးညီညွတ်ခြင်းဆိုင်ရာ အောင်မြင်မှုများပင်ဖြစ်ပေသည်။ ။

**ကြည့်ရှုစစ်ဆေး**

**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို နည်းပညာတက္ကသိုလ်(တောင်ငူ) ပင်မဆောင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် အနောက်ခြမ်း ငါးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၁တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာရှိ မိဘဂုဏ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညို၍ သက်န်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ (သတင်းစဉ်)



# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၁၀-၂၀၀၈ (တနင်္ဂနွေနေ့)**

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "သုသိမတရားခိုးခန်း" တရားတော် [ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)] |
| ၇း၅၀ - ၁း၅၀ | Sunday Talk [ကိုကိုလှိုင်၊ မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၈း၅၀ - ၂း၅၀ | ပါဝင်ဆင်နွှဲမော်ကျွန်းမြို့တာဝတိံသာဆင်းပွဲ |
| ၉း၂၀ - ၃း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ - ၃း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ - ၃း၃၅ | နယ်ဉ်ဆန်းထွင်သစ်သီးအလှဆင် (သဘော်သီးဖြင့်မီးအိမ်ပြုလုပ်ခြင်း) |
| ၁၀း၀၀ - ၄း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ - ၄း၀၅ | နည်းပညာသစ်ဆန်း Nikon Camera အစွမ်း |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ - ၄း၃၀ | ကြည်နူးစရာလက်ဆောင်အဖြာဖြာ |
| ၁၀း၅၀ - ၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ - ၅း၀၀ | ပဋ္ဌိပတ္တိအကျော်အမော်မိုးကုတ်ဆရာတော် |
| ၁၁း၃၅ - ၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ - ၅း၄၀ | နိုင်ငံတကာအတင်းအကျဉ်း |
| ၁၁း၄၅ - ၅း၄၅ | မိခင်နို့စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်အစာကျွေးနည်း သိကောင်းစရာများ (ဒေါက်တာသိန်းသိန်းမြင့်) |
| ၁၁း၅၅ - ၅း၅၅ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ် တေးအရသာ (စန္ဒားရားတင်ဝင်းလှိုင်၊ မြသက်မှု) |
| ၁၂း၁၀ - ၆း၁၀ | Yangon Panorama (Ovaltine Power 10 ပစ္စည်းသစ်မိတ်ဆက်ပွဲနှင့်ပျော်ပွဲရွှင်ပွဲ) |
| ၁၂း၂၅ - ၆း၂၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀ - ၆း၃၀ | စိုပြည်စိမ်းလန်းတောင်ကုန်းထက်မှ ခရီးသွားစခန်း |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ပဲခူးတိုင်းအတွင်းရှိ ခရိုင်ချင်းဆက်လမ်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၁**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၉ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ ပဲခူးတိုင်း ရေနီမြို့သို့ ရောက်ရှိကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဖောက်လုပ်သည့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်း(သစ်ကြိမ်း-ထုံးဘိုကြီး) လမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် သစ်ကြိမ်း-ထုံးဘိုကြီးလမ်းတစ်လျှောက်ရှိ ချောင်းတံတား တည်ဆောက်မည့် မြေနေရာ ကိုလည်းကောင်း၊ ဘုရားကုန်းကျေးရွာ ဘုရားကုန်း ကြံအထွက်တိုးစခန်း၌ ကြံမျိုးစိုက်ခင်းများ စိုက်ပျိုးထားမှု၊ အရှည်ပေ ၁၅၀ရှိ တံတားအမှတ်(၄) ဘင်ပြဲချောင်းတံတား ကြံ့ခိုင်မှုအခြေအနေတို့နှင့် ရေစီးဆင်းမှုကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၁၄/၀)၌ အရှည်ပေ ၁၅၀ရှိ နဂျတ်ချောင်းတံတား ကြံ့ခိုင်မှုနှင့် အရှည်ပေ ၁၅၀ရှိ တံတားအမှတ်(၁) ကရင်ချောင်းတံတား ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကရင်ချောင်းရေလွှဲဆည်မှ နွေစပါးစိုက်ခင်းများသို့ ရေပေးဝေနိုင်ရေး မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် သစ်ကြိမ်း-ထုံးဘိုကြီး ခရိုင်ချင်းဆက်လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများနှင့် တံတားများ ကြံ့ခိုင်မှုအခြေအနေများ၊ လမ်းဘေး ဝဲ/ယာရှိ စပါးစိုက်ခင်းများနှင့် မြေပဲစိုက်ခင်း၊ ငှက်ပျောစိုက်ခင်း၊ ကျွန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် တောင်ငူတက္ကသိုလ်သို့ ရောက်ရှိကြပြီး ကျောင်းသား၊ ကျောင်းသူ ၃၀၀ဆံ့ သင်ကြားနိုင်သည့် စာသင်ခန်းမများ၊ စာသင်ဆောင်များ၊ ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ တောင်ငူပညာရေးကောလိပ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)နှင့် နည်းပညာတက္ကသိုလ်(တောင်ငူ)တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိသည်။

(သတင်းစဉ်)



**MV Faina ယူကရိန်း သင်္ဘော ကုန်းပတ်ပေါ်တွင် ရပ်နေသော သင်္ဘောသားများနှင့် ပင်လယ်ဓားပြများကို အောက်တိုဘာ ၅ ရက်က တွေ့ရစဉ်။**

# ပြန်ပေးငွေ မပေးပါက သင်္ဘောကိုဖောက်ခွဲမည်ဟု ပင်လယ်ဓားပြများခြိမ်းခြောက်

**နိုင်ရိုဘီ အောက်တိုဘာ ၁၁**

စစ်လက်နက်များတင်ဆောင်ထားသည့် ယူကရိန်းကုန်တင်သင်္ဘောကို ဆိုမာလီကမ်းလွန်တွင် ပြန်ပေးဆွဲထားသည့် ပင်လယ်ဓားပြများက အကယ်၍ ၎င်းတို့ တောင်းဆိုထားသည့် ပြန်ပေးငွေကို ပေးဆောင်ခြင်း မရှိပါက သင်္ဘောကို ဖောက်ခွဲပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက် ပြောကြားလိုက်သည်။

အခင်းဖြစ်ပွားရာ အနီးတွင် အမေရိကန်စစ်သင်္ဘောများနှင့် ရုရှား ဖရီးဂိတ် သင်္ဘောတစ်စင်းတို့က ဝန်းရံထားပြီး အပိုင်စီးခံ ကုန်တင်သင်္ဘောဘက်သို့ ရှေးရှုဦးတည်ထားကြရာ ကွန်မန်ဒိုပုံစံဖြင့် ဝင်ရောက် စီးနင်းမည့် အလားအလာ ပိုမိုမြင့်မားလာကြောင်း ထင်မြင်ယူဆထားကြသည်။

မိမိတို့အဖွဲ့အနေဖြင့် သုံးနာရီ ကျော်ကြာမြင့်အောင် စည်းဝေးခဲ့ကြပြီး သင်္ဘောပိုင်ရှင်များအနေဖြင့် မိမိတို့ တောင်းဆိုထားသည့် ပြန်ပေးရွေးငွေကို လိုက်လျောခြင်းမရှိပါက သင်္ဘော၊ သင်္ဘောပါကုန်ပစ္စည်းများ၊ သင်္ဘောသားများနှင့် မိမိတို့ ပင်လယ်ဓားပြများအပါအဝင် ဖောက်ခွဲနှစ်မြှုပ်ပစ်မည်ဖြစ်ကြောင်း ပင်လယ်ဓားပြများ၏ ပြောရေးဆိုခွင့်ရှိသူ ဆူဂူလေအာလီက ဂြိုဟ်တုဖုန်းမှ တစ်ဆင့် ပြောကြားသည်။

ပင်လယ်ဓားပြများက သင်္ဘောအတွက် ပြန်ပေးရွေးငွေကို ဒေါ်လာ သန်း ၂၀သတ်မှတ်တောင်းဆိုထားပြီး လာမည့် တနင်္လာနေ့မတိုင်မီ ပေးရန် တောင်းဆိုလိုက်သည်။

***အင်တာနက်။***

# သေကြောင်းကြံမှု ကာကွယ်ရေးပိုက်ကွန်များ ဂိုးလ်ဒင်းဂိတ်တံတားကြီးတွင် တပ်ဆင်မည်ဟုဆို

**ဆန်ဖရန်စစ္စကို အောက်တိုဘာ ၁၁**

မိမိကိုယ်ကိုယ် သေကြောင်းကြံစည် ခုန်ချမည့်ဖြစ်ရပ်များကို ကြိုတင်ကာကွယ်ရန်ရည်ရွယ်၍ အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ရှိ ဂိုးလ်ဒင်းဂိတ်တံတားကြီး၏ အောက်ဘက်တွင် သံမဏိပိုက်ကွန်များကို ဒေါ်လာသန်း ၅၀အကုန်အကျခံ၍ တပ်ဆင်သွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ယမန်နေ့က ပြောကြားလိုက်သည်။

အဆိုပါအစီအစဉ်နှင့်စပ်လျဉ်း၍ လွန်ခဲ့သည့် နှစ်များစွာကတည်းက ပင် အငြင်းပွားလာခဲ့ရာ ယခုလည်း ဘဏ္ဍာငွေ ရှာဖွေသုံးစွဲရေးနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ရမည်ကို မဆုံးဖြတ်ရသေးကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တံတားကြီးကို စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၃၇ခုနှစ်မှစ၍ ယခုအချိန်အထိ လူ၂၀၀၀ခန့်ခုန်ချခဲ့ကြရာ ယခုနှစ်တွင် ၁၉ဦးအထိ ခုန်ချခဲ့ကြကြောင်း လော့စ်အိန်ဂျလိစ်မြို့ထုတ် သတင်းစာတစ်စောင်က ရေးသားဖော်ပြထားသည်။ ***အင်တာနက်။***

**စိတ်ဝင်စား ဖွယ်ရာ အင်တာနက် သတင်းများ**



**အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို ပင်လယ်အော်ရှိ ဂိုးလ်ဒင်းဂိတ် တံတားကြီးကို တွေ့ရစဉ်။**



## ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

၂၀၀၈ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း (အင်းလျားကန်)၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစား အလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၀၈ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စားဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးဗိုလ်မှူးချုပ်ဝင်းရှိန်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ)** (သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄) အမှတ် (၄၀) ဖြန့်ချီ

**ရန်ကုန် အောက်တိုဘာ ၁၁**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄)၊ အမှတ် (၄၀)၌ ဒေသတွင်းကုန်စည် ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် အာဆီယံနိုင်ငံများလက်မှတ်ရေးထိုးမည်၊ ရောဂါသည်များကို ကြည့်ကာ မုန်တိုင်းဖြစ်နိုင်ခြေရှိ/မရှိသိနိုင်၊တရားမဝင်အဖြစ် ကြေညာထားသောဆေးများက အာရုံကြောတုံ့ပြန်မှု ပြင်းထန်စေ၊ သစ်ထောက်ခံချက်ပေးရေး ကော်မတီဖွဲ့စည်းမည်၊ ရေခဲထုပ်၊ ရေခဲခြစ်စားသောကလေးများ အသည်းရောင်ရောဂါအဖြစ်များလာ၊ မြန်မာ့ကြက်သား ဆော်ဒီကမ်းလှမ်း၊ ရွှေလုပ်ငန်းရှင်အသင်းဝင်မှသာ ရွှေလုပ်ငန်းလိုင်စင်များထုတ်ပေးမည်၊ ပြည်တွင်းကုန်ပစ္စည်းများ ထုတ်လုပ်မှုပုံစံပြောင်းသင့်ပြီ စသည့်ပြည်တွင်း ရေးရာသတင်းများနှင့်အတူ ဂျပန်၌ ဘွဲ့ယူရန်ဗီဇာလျှောက်ရာတွင် ဒါတွေသိစေချင်၊ ရတနာခုနစ်ပါးပြည့်စုံရဲ့လား၊ သတင်းထောက်နဲ့သတင်း၊ ရဲနဲ့မှုခင်း ရပ်ရွာလူထုအေးချမ်းခြင်း. . . မျက်မှောက်ရေးရာရှုမြင် သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

"လုံခြုံရေးကို ဆောင်ကြဉ်းပေးမယ့် နည်းလမ်းအားလုံးကို အသုံးပြုသင့်ပါတယ်" အာဖဂန်နစ္စတန် သမ္မတ ဟာမစ်ကာဇိုင်းနှင့် News Weeks သတင်းဌာနတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူး ဆောင်းပါးနှင့်အတူ ရုရှနှင့်ယူကရိန်းတို့၏ ပင်လယ်နက်မှ ပြိုင်ဆိုင်မှု ကြီးထွားလာ၊ အွန်လိုင်းပေါ်က ကိုယ်ရေး အချက်အလက်များ သတိထား၊ မွန်ရိုး၏ မပေါ့တပေါ် ဓာတ်ပုံဟောင်းများနှင့် ပတ်သက်၍ အမှုအခင်းဖြစ်၊ ကမ္ဘာ့အဝဆုံးလူသားအိမ်ထောင် ပြုတော့မည်၊ ကားမဆုံ့၍ ခိုးရာပါငွေများထားပစ်ခဲ့၊ ၇၁နှစ်အရွယ်အဘိုးအို၌ ကိုယ်ဝန်ရှိနေဟု ဆေးရုံမှဆေးစစ်ချက်ထုတ်ပေးခဲ့၊ ငွေကြေးအခက်အခဲကြောင့် မိသားစုကိုသတ်၍ ကိုယ့်ကိုယ်ကို အဆုံးစီရင်၊ နိုက်ကလပ်သူဌေးဟောင်း မြို့ဝန်အရွေးခံရ၊ ဗြိတိန်မှ စီးကရက်ဘူးများပေါ်တွင် ဆေးလိပ်ကြောင့်ဖြစ်သည့်ရောဂါပုံများ ဖော်ပြတော့မည်၊ လက်ကိုင်ဖုန်းဖြင့် ကားစက်နှိုးနိုင်ပြီ စသည့် နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e- Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

## မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပညာပေးဟောပြောပွဲ

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှမူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပညာပေးဟောပြောပွဲကို အောက်တိုဘာ၉ရက်နံနက်၁၀နာရီက အထက(၅)ဗိုလ်တထောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်တရားရေးနှင့် ဥပဒေအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှ စခန်းမှူး ရဲအုပ်သီဟက မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့်တရားမဝင် တားမြစ်ဆေးဝါးများအကြောင်းကို ပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

## ကြည့်မြင်တိုင် ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် အထူးတရားပွဲကျင်းပမည်

စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် အထူးတရားပွဲများကို အောက်တိုဘာ ၁၅ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်ပြီး ညစဉ် ၇နာရီတွင် တရားပွဲစတင်မည်ဖြစ်သည်။

| ဟောကြားမည့် ဆရာတော်များ | ဟောကြားမည့် နေ့ရက် |
|---|---|
| စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် **ဒေါက်တာအရှင်ဉာဏိဿရ (D.Litt), Ph.D** | ၁၅-၁၀-၂၀၀၈ |
| အနောက်ဂန့်ဂေါမုံလယ်တောရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ **ဘဒ္ဒန္တသံဝရ** | ၁၆-၁၀-၂၀၀၈ |
| ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မာစရိယ **ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ** | ၁၇-၁၀-၂၀၀၈ |
| ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ ပါမောက္ခချုပ် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် **ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ** | ၁၈-၁၀-၂၀၀၈ |
| တိပိဋကဓရ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် **ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယော)ဆရာတော်** | ၁၉-၁၀-၂၀၀၈ |

## Myanmar Golf Tour 2008-2009 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေး သတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Air Bagan Ltd. နှင့် International Beverages Trading Co., Ltd. တို့ကအဓိကကူညီပံ့ပိုးမည့်Myanmar Golf Tour 2008-2009 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Espace Avernir Hotel Ballroom ခန်းမ၌ကျင်းပသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မြန်မာ ပီဂျီအေအဖွဲ့ချုပ် နာယက ဗိုလ်ချုပ် ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌ ဦးတေဇ၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ မြန်မာပီဂျီအေ အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့်မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးတေဇက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာပီဂျီအေ ဒုတိယဥက္ကဋ္ဌ ဦးချမ်းဟန် (CEO- Han Golf Masters Pte., Ltd.)က ပြိုင်ပွဲအခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများ၏ ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

Myanmar Golf Tour 2008-2009ဂေါက်သီးရိုက်ပြိုင်ပွဲ၏ပွဲဦးထွက်ပြိုင်ပွဲအဖြစ် Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်မှ ၁၆ရက်အထိ Bagan Resort Golf Club ၌ လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၇ရက်မှ ၃၀ရက်အထိ Pyin Oo Lwin Golf Club ၌လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်မှ ၂၇ရက်အထိ Pun Hlaing Golf Club (ရန်ကုန်မြို့) ၌ လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်သည်။

IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၇ရက်မှ ၁၀ ရက်အထိ ရှမ်းပြည်နယ် (လားရှိုးမြို့) Lashio Golf Club ၌ လည်းကောင်း၊ ဒုတိယပွဲစဉ်ကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ရက်မှ ၁၄ရက်အထိ မန္တလေးမြို့ Yedagun Taung Golf Resort ၌ လည်းကောင်း၊ တတိယပွဲစဉ်ကို ဇန်နဝါရီ ၂၅ရက်မှ ၂၈ရက်အထိရှမ်းပြည်နယ်တောင်ကြီးမြို့ Ayetharyar Golf Resort ၌ လည်းကောင်း၊ စတုတ္ထပွဲစဉ်ကို ဖေဖော်ဝါရီ ၁၅ရက်မှ ၁၈ရက်အထိ City Golf Resort(Pondy) ရန်ကုန်မြို့၌လည်းကောင်း အသီးသီး ကျင်းပမည်ဖြစ်သည်။

Myanmar Golf Tour 2008-2009 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုကြေးများ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**Myanmar Golf Tour 2008- 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။**
(မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်)

## မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၁၁

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(သပြေကုန်း)တွင် ၀ ဒသမ ၄၇ လက်မ၊ မြိတ်မြို့တွင် ၁ဒသမ ၀၆ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၀ဒသမ၈၃လက်မနှင့် ပခုက္ကူမြို့တွင် ၀ဒသမ ၇၁လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**အောက်တိုဘာ ၁၂ရက်ညနေထိ ခန့်မှန်းချက်။** ။ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်** နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၄ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၉၄ ဒီဂရီဖာရင်ဟိုက်)၁၁-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၁ ဒသမ၃ ဒီဂရီစင်တီဂရိတ် (၇၀ဒီဂရီဖာရင်ဟိုက်)၁၀-၁၀-၂၀၀၈

၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၁၀-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း ၅ဒသမ၁နာရီခန့် ၁၁-၁၀-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၁-၁၀-၂၀၀၈ | ၁၆မမ (၀ဒသမ၆၃လက်မ) | ၂၁မမ (၀ဒသမ၈၃လက်မ) | မရှိပါ |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၅၂၃ မမ (၉၉ဒသမ၃၃လက်မ) | ၂၈၀၇မမ (၁၁၀ဒသမ ၅၁လက်မ) | ၃၂၃၀မမ (၁၂၇ဒသမ ၁၆လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၀-၁၀-၂၀၀၈ ရက် ၁၃း၀၀နာရီတွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၁၃မိုင်နှုန်း တိုက်ခတ်သည်။




**ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**(ကျိုက်ထိုမြို့-မွန်ပြည်နယ်)**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၇၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့ (၁၄-၁၀-၂၀၀၈) ရက်မှ ၁၃၇၁ ခုနှစ် ကဆုန်လပြည့်နေ့ (၈-၅-၂၀၀၉) ရက်အထိ ကျိုက်ထီးရိုး ရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊**
**ကျိုက်ထိုမြို့**

**ဖခင်အမည်မှန်**

မုဒုံမြို့နယ် အထက(၁) န၀မတန်း (D)မှ မောင်ထိုက်၏ အမည်မှန်မှာ မောင်ဇော်လင်းထက်ဖြစ်ပြီး ဖခင်၏ အမည်မှန်မှာ ဦးပုသောင်းဖြစ်ပါကြောင်း။ **ဦးပုသောင်း၊ (သား)မောင်ဇော်လင်းထက်**

**ရောင်းမည်(သို့) Pick-up ကားဖြင့်လဲမည်**

**Volks Wagenl Micro Bus၊** ည/၅ ထောင်ကျော်၊ မှန်နှစ်ခြမ်းဆက်၊ **Original Engine** ကြီး ပြင်ဆင်ပြီး။ **ညှိနှိုင်းဈေး(၄၀)သိန်း။**
**Ph; 09 5135875, 01-200576,01-701829**







**(SEM) စိမ်းလန်းဧမြ** မှ အဆင့်မြင့်ခရီးဆောင်မှုစနစ်ဖြင့် ခရီးစဉ်များ

| | | |
|---|---|---|
| တောင်ကြီး အင်းလေး (ဖောင်တော်ဦးဘုရားပွဲတော်) | (၄ညအိပ်-၅ရက်) | Oct - 11 (၁၃၀၀၀၀) |
| တောင်ကြီး အင်းလေး (မီးပုံးပျံပွဲတော်) | (၄ညအိပ်-၅ရက်) | Nov - 8(၁၃၀၀၀၀) |
| | (၄ညအိပ်-၅ရက်) | Jan (၁၃၀၀၀၀) |
| | (၂ညအိပ်-၃ရက်) | Dec (၁၁၀၀၀၀) |

ဖုန်း - ၂၉၂၀၀၇၊ ၂၉၂၀၀၈၊ ၄၄၁၀၄၄

| WIN Japanese Language School | | | |
|---|---|---|---|
| Pre-advanced I | 21/10 | Tue,Wed,Thu,Fri | 13:00-14:30 |
| Basic | 21/10 | Tue,Wed,Thu,Fri | 15:30-17:30 |
| Intermediate | 21/10 | Tue,Wed,Thu,Fri | 15:30-17:30 |
| Basic | 18/11 | Tue,Wed,Thu,Fri | 7:30-9:30 |

278,Theinbyu Road(Tel:294613,297998,299493)

**အမြန်ရောင်းရန်**

တောင်ဒဂုံစက်မှုဇုန်(၁)
မြေ - ၆၀' x ၁၂၀'
ဂရံ - RC-2 ထပ်
၁၁၇၀ သိန်း
**09 51 41086**



# ရတနာပုံချစ်သော ကရသူရီ ကိုဦး

*The novel on the background of 'Salone'*

[စာမူခွင့်ပြုအမှတ် ၅၀၀၁၁၁၀၁၀၈]

နိုင်ငံခြားရောက် ပညာတတ် ဆလုံမလေးတစ်ဦး
သူ့မွေးရပ်မြေပြန်ရောက်သောအခါ....
ရောင်စုံစာတ်ပုံ ၅၀ နှင့်အတူ ပရိသတ်ကို
ဆလုံကျွန်းသို့ အပါခေါ်သွားမည်...စိတ်ဝင်စားဖွယ် ဝတ္ထုတစ်ပုဒ်

ဖြန့်ချိရေး ။ ။ စာပေလောက စာအုပ်တိုက်၊ ဖုန်း-၃၈၈၁၀၆၉

**DVD, VCD** SPECIAL INTERVIEW & SHOW PERFORMANCE
(2Disc) မှာဖြင့်ဝေဝေဆာဆာလေးသေချာ (12.10.08)တွင် **ထွက်ပြီ**

# YE' LAY ရဲလေး FIRST LIVE CONCERT

FEATURING SI THU LWIN.L LUNN WAR.CHAN AYE WIN.HTEIN WIN. ZUM NU.L SAIZI.JENNY.BAMBINO.
Distribution CKT

**12.10.2008 (Sunday) 3:00 to 6:00PM** ရန်ကုန်မြို့ မျှော်စင်ကျွန်းကရဝိက်ဥယျာဉ်ကမ္ဘာ **Minizoo** တွင် **ရဲလေး** နှင့် အနုပညာရှင်များက Wallsheet တွင် အမှတ်တရ လက်မှတ်ရေးထိုးပြီး သီဆိုဖြေဖျော်၍ မူရင်း DVD, VCD များကို ရောင်းချပေးပါမည်။

**13.10.2008 (Mon) 10:00 to 12:00AM** ပဲခူးမြို့ စိန်ဟင်းစတိုးတွင်ရင်း

| | |
|---|---|
| 14.10.2008 (Tue)<br>3:00 to 5:00PM<br>မန္တလေးမြို့<br>78 Shopping Mall တွင်ရင်း | 16.10.2008 (Thu)<br>10:00 to 12:00AM<br>ပြည်မြို့<br>သပြေ တေးသံသွင်းတွင်ရင်း |
| 15.10.2008 (Wed)<br>4:00 to 6:00 PM<br>မကွေးမြို့<br>နီနီ အီလက်ထရောနစ်စတိုးတွင်ရင်း | 16.10.2008 (Thu)<br>2:00 to 4:00PM<br>ပြည်မြို့ MUSIC KINGDOM<br>စီဒီယိုဖြန့်ချိရေးတွင်ရင်း |

**ရဲလေး**ကိုယ်တိုင်Wallsheet တွင်အမှတ်တရလက်မှတ်ရေးထိုးရောင်းချပေးပါမည်။

'BAND SCORE'- 7.5/8 များကိုမွေးထုတ် ပေးလျက်ရှိသော
**The IELTS Specialist**

English ကို ဖက်ရှင်အဖြစ် သင်ယူခြင်း မဟုတ်ဘဲ အမှန်တကယ်ထူးချွန်လိုသူများအတွက် Quality၁၅ဦး ပိုင်းများ

* 4-Lg Skills[COMMUNICATIVE ENGLISH]
* Pre-IELTS [long term]/Exam-preparation

☎ : 09-515 2065
၁၁၉/ တ-ထပ်၊ ဘုန်းကြီးလမ်း(စံပြုရုပ်ရှင်ရုံအနား)၊ ရန်ကုန်




**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**



## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စပိန်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထံမှ စပိန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဟိုဆေးလူးအစ်(စ်) ရိုဒရီဂူ့(ဇ်)၊ ဇာပါတဲရိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

* ရင်သွေးငယ်များ ကျန်းမာဖို့
အကောင်းဆုံးသည် မိခင်နို့။
* မိခင်နို့ဖြင့် မလုံလောက်လျှင်
နွားနို့၊ဆိတ်နို့ အသုံးဝင်။
* အစဉ်ကျိုချက် တိုက်ကျွေးပေး
အသင့်မြတ်ဆုံး ကျန်းမာရေး။

## ကော့မှူးမြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်းနှင့် မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၁

**ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဘုရားလမ်းရပ်ကွက် ပတုတ် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကော့မှူးမြို့ရှိ အဆိုပါကျောင်းများ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်သည်။**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် အဆိုပါမူလတန်းကျောင်းရှေ့၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အလှူရှင် ဝေမိသားစုမှ ဦးတာဝေတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

ပဲခူးတိုင်း တောင်ငူမြို့တွင် တည်ဆောက်ထားသည့် နည်းပညာတက္ကသိုလ်(တောင်ငူ)ကို တွေ့ရစဉ်။
(သတင်း-၁၀) (သတင်းစဉ်)




သတင်းဆောင်းပါး
မောင်ကူးသန်း

## နေပြည်တော်ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်း နှစ်လမ်းသွားရထားလမ်း ခရီးသည်နှင့် ကုန်စည်ကူးသန်းမှု ပိုမိုလွယ်ကူချောမွေ့ အဆင်ပြေလာ




ရန်ကုန်မှ အထက်မြန်မာနိုင်ငံသို့ ခရီးသည်နှင့် ကုန်စည် ကူးသန်းသွားလာလျှင် ရန်ကုန်-မန္တလေး ရထားလမ်းသည် အဓိကအားထားရသော ခရီးလမ်းဖြစ်သည်။ လွန်ခဲ့သော ခေတ်ကာလများက ရန်ကုန်မှ မန္တလေးသို့ ခရီးသွားလျှင် တစ်လမ်းသွားရထားလမ်းဖြင့် သွားခဲ့ရ၍ အစုန်-အဆန် ရထားများကို ရှောင်လွှဲခဲ့ရသည်။ အစုန်ပြီးမှ အဆန်လာရသည်။ အဆန်ပြီးမှ အစုန်လာရသည်။ ထို့ကြောင့် ရထားချိန်ကြာမြင့်ခြင်း၊ ရထားချိန် မမှန်ခြင်း၊ အန္တရာယ်ရှိခြင်း စသည့်အခက်အခဲများနှင့် ကြုံတွေ့ရတတ်သည်။

ယင်းအခက်အခဲကို ကျော်လွှားနိုင်ရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းခဲ့ကြသည်။ အထိုက်အလျောက်သာ ဆောင်ရွက်နိုင်သည်။ အောင်မြင်ပြီးပြတ်သည့်အဆင့်အထိ ရောက်မလာခဲ့ပေ။ ယနေ့ နိုင်ငံတော်အစိုးရလက်ထက်တွင် ထိုအခက်အခဲများကို အောင်မြင်ကျော်လွှားနိုင်ခဲ့သည်။ အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့**

**နေပြည်တော်ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်းမှ မန္တလေးမြို့သို့ ခရီးသည်များ တင်ဆောင်သည့်ရထား စတင်ထွက်ခွာစဉ်။**